Vol -1, Issue -2,
FEBRUARY 2020

# MILKY WAY AUTOMOTIVE MAGAZINE

GREAT EXPRIENCE GREAT MAGAZINE

FREE

www.milkywayautomotive.com

milkywaymediaAutomotive






JAGUAR XE
PURR OR ROAR,
YOU DECIDE.
JAGUAR




There's an engine to suit every driving style in the Jaguar XE range.Whether you choose our latest Ingenium 2.0 litre 4 cylinder Petrol or Turbocharged Disel powerplants returning up to 75mpg or the 3.0 litre V6 380PS Supercharged Petrol, taken from the F-TYPE, each one offers performance refinement and efficiency. And with the availabity of sports car technology like Configurable Dynamics, you have control over the car's set-up, from suspension and steering to gear shift and engine mapping. How you drive it, is up to you.


3 YEARS JAGUAR CARE WARRANTY | SERVICING
5 YEARS JAGUAR CARE SERVICE PLAN

Stock Price Start From : USD 68,000

THE ART OF PERFORMANCE

Jaguar Myanmar
3 INSEIN ROAD, WARD 12, HLAING TOWNSHIP, YANGON
T. +95 (0) 1 966 9034-8
jaguar.com.mm

DISCOVERY SPORT
ADVENTURE.
IT'S IN OUR DNA
LAND ROVER
ABOVE & BEYOND




The end of the road needn't mean the end of the adventure, with Terrain Response you can go on.
Inside, clever 5+2 seating offers room for either more explorers or 1,698 litres of stowage for more provisions.
Little wonder Discovery Sport is considered one of the most versatile compact SUVs on the road, or off it come to that.

3 YEARS LAND ROVER CARE WARRANTY | SERVICING
5 YEARS LAND ROVER CARE SERVICE PLAN

Stock Price Start From : USD 100,000

Land Rover Myanmar
3 INSEIN ROAD, WARD 12, HLAING TOWNSHIP, YANGON
T. +95 (0) 1 966 9034-8
landrover.com.mm

# CONTENTS



MILKY WAY AUTOMOTIVE MAGAZINE

Vol. 1 | Issue 2 | February 2020

**Chief Editor**
Kyaw Thu Hein (MILKY WAY)

**Contributors**
Seagull
Yaung Ni
Ye Zin Yaw Myint
Tayza
Carsayar

**Cover & Layout Designer**
SWAN HTET (MILKY WAY)

**Photo**
J.Robert (MILKY WAY)
Lynn Maung Tha (MILKY WAY)

**Publisher**
Milky Way Publishing (032376)

**Printing**
Aung Thein Than (00435)

**Address**
No.50, Thit Yar Pin Road,
23rd Ward, Thuwana VIP1,
Thingangyun Township, Yangon.

**HOTLINE**
+95 9 33884488
+95 9 32323232

**NEWS** pg 5

**COVER FEATURE**
သဘာဝတရားနဲ့ တစ်သားတည်းဖြစ်စေမယ့်
ခံစားမှုမျိုးကို ပေးစွမ်းနိုင်တဲ့
**All – New Mazda 3** [Seagull pg 10

**REVIEW**
ဗြိတိန်တို့၏ အနုသုခုမဖန်တီးမှုများစွာနှင့်
**New Range Rover Evoque** [ရောင်နီ pg 16

**Sporty SUV** အဓိပ္ပာယ်ကို
အပြည့်အဝမြင်တွေ့ရမယ့်
**All New GAC GS 5** [ရဲဇင်ယော်မြင့် pg 21

**GUIDE**
**HATCHBACK** [တေဇ pg 24

**EDUCATION**
ယာဉ်ပုံမှန်စစ်ဆေးပေးရမည့် အချိန်များ [ကားဆရာ pg 29

**TECHNOLOGY**
**LANE DEPERATURE WARNING SYSTEM** pg 31

**PRICE LIST** pg 32

**CLASSIFIED** pg 34





## အစိုးရဝန်ထမ်းများကို ကားပါမစ်ချပေးမည့် အစီအစဉ်အား ဆိုင်းငံ့






အစိုးရဝန်ထမ်းများနှင့် လုပ်သက် ၂၅ နှစ်ရှိသော ပြည်သူ့ဝန်ထမ်းများအား ကားပါမစ် ချပေးမည်ဟူသော ထုတ်ပြန်ချက်မှာ မော်တော်ယာဉ်ဈေးကွက်ကို ထိခိုက်မှုများစွာ ဖြစ်ပေါ်စေမည်ဖြစ်ပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကိုသိသာစွာ ကျဆင်းစေမည်ဖြစ်ကြောင်း ဥရောပကုန်သည်ကြီးများအသင်းနှင့် မြန်မာနိုင်ငံ အော်တိုမိုးတစ်အသင်း (AAM) တို့က ဇန်နဝါရီလ ၂၉ ရက်နေ့ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှာ ထုတ်ပြန်ကြေညာချက် ပြုလုပ်ခဲ့သည်။ ယင်းကြေညာချက်သည် ခန့်မှန်းခြေ ဝန်ထမ်းပေါင်း ၃၄၀၀၀ ခန့်သည် ဤခွင့်ပြုချက်ကို လျှောက်ထားခွင့်ရရှိထားပြီး မော်တော်ယာဉ်များကို အခွန်မဲ့ တင်သွင်းနိုင်မည် ဖြစ်သည်။ ၂၀၁၉ ခုနှစ် ကားသစ်ရောင်းချခြင်းမှာ အစီးရေ ၂၅၀၀၀ သာရှိပြီးတော့ အခု ကားပါမစ်သိန်းကျော် ထုတ်ပေးခြင်းအားဖြင့် ပြည်သူအားလုံး ဝန်ထမ်းပါမစ်ဖြင့်သာကားစီးရတော့မည့် အခြေအနေဖြစ်ပေါ်စေမည်ဖြစ်သည်။ နောက်ဆုံးသတင်းများအရ သမ္မတအိမ်တော်မှ အစိုးရအရာရှိများကို ပထမအသုတ်အဖြစ် ချထားပေးမည့် ကားပါမစ် ကိစ္စကို လတ်တလော ဆိုင်းငံ့ထားပြီး သေချာစွာ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်မည်ဟု သိရသည်။

## မြန်မာနိုင်ငံတွင် ဒုတိယမြောက်ဖြစ်လာသည့် FUSO 3S Showroom ကို ရန်ကုန်တွင် ဖွင့်လှစ်

၄၀ တန်မှ ၆၅ တန်အထိ **Truck** ကားမျိုးစုံကို စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်မည့် **FUSO Myanmar** ၏ ဒုတိယမြောက် **3S Showroom** ကို ရန်ကုန်မြို့၊ အမှတ်(၂၅–က)၊(၂၆–က၁)၊ အမှတ်(၃)လမ်းမကြီး ၊ သစ်စက်ကုန်းရပ်ကွက် ၊ မင်္ဂလာဒုံမြို့နယ်မှာ ဇန်နဝါရီလ (၁၆) ရက်နေ့က စတင်ဖွင့်လှစ်သွားခဲ့သည်။ အောက်မြန်မာပြည်မှ ဝယ်ယူသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သော **FUSO 3S Showroom** တွင် အရောင်း(**Sales**)၊ ဝန်ဆောင်မှု (**service**)နှင့် အပိုပစ္စည်း(**Spare Parts**) အစရှိသည်တို့ကို ဝန်ဆောင်မှု ပေးသွားမည်ဟုလည်း သိရသည်။

**FUSO** ကုမ္ပဏီသည် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် **Mercedes-Benz** နှင့် **Mazda** လူစီးယာဉ်များကိုဖြန့်ချိရောင်းချပေးနေသည့် **Cycle & Carriage Myanmar**နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း ရန်ကုန်နှင့် မန္တလေးမြို့ကြီး (၂) မြို့တွင် မော်တော်ယာဉ် တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်သွားမည် ဖြစ်သည်။

**FUSO MYANMAR** အနေဖြင့် အရောင်းပြခန်းနှင့် တွဲဖက်ပြီး ဆားဗစ်စင်တာ တည်ဆောက်ထားရှိမည်ဖြစ်ကာ **FUSO**၏ အသိအမှတ်ပြု မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းမှုများ အပြင် **FUSO** ၏ ယာဉ်အပိုပစ္စည်း အစစ်အမှန်များကိုလည်း ရောင်းချပေးမည်ဟု သိရသည်။ အဓိက အရောင်းပြခန်းတွင် အခန်း(၉) ခန်း ပါဝင်ပြီး **Aftersales** ဘက်တွင် ယာဉ်မောင်းများ နားနေခန်းအပါအဝင် အခန်း (၂)ခန်း ပါဝင်ကြောင်း သိရသည်။ ကျယ်ဝန်းသည့် **Work Bay** ( ၅ ) ခုပါရှိပြီး ကုန်တင်ယာဉ် စစ်ဆေးရန်နှင့် ရေဆေးနိုင်သည့် **Wash Bay** တစ်ခုလည်း သီးခြားပါရှိမည်ဟု သိရသည်။





## နှစ် ၁၀၀ ပြည့်နှစ် ၏ အထိမ်းအမှတ်အဖြစ် Mazda Myanmar မှ Mazda ၏ မျိုးဆက်သစ်ဖြစ်သည့် ALL-NEW MAZDA3 အား မိတ်ဆက်ခဲ့

အသစ်ထုတ်လုပ်လိုက်သော မျိုးဆက်သစ် ALL-NEW MAZDA 3 အား Mazda ကားထုတ်လုပ်ရေး၏ နှစ် ၁၀၀ ပြည့်နှစ်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံသို့ စတင် မိတ်ဆက်သွားခဲ့သည်။

အသစ်ထုတ်လုပ်လိုက်သည့် All-New Mazda 3 သည်လည်း ခေတ်ဆီအင်ဂျင် အသစ်ဖြစ်သော SKYACTIV G နည်းပညာနှင့်အတူ SKYACTIV-Vehicle Architecture ဖြင့် ဖွဲ့စည်းထားသော ကားဖြစ်ကြောင်း သိရသည်။ Mazda ၏ ကိုယ်ပိုင်မူဟန်ဖြစ်သည့် KODO Design Language ကိုလည်း အဓိပ္ပာယ်သက်ရောက်စေသော အပြင်အဆင်ဖြင့် ဖန်တီးထားကာ ခန့်ထည်ကြွားဝါခြင်းနှင့် အနုသုခုမ ဆန်သော ဟန်ပန်တို့ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း Mazda မှ အခိုင်အမာဆိုထားသည်။ All New Mazda 3 တွင် Sedanနှင့် Hatchback line up ၂ မျိုးကို ရွေးချယ် ဝယ်ယူနိုင်မည်ဖြစ်ပြီး ယင်းမော်ဒယ်၂ခု ကွာခြားချက်မှာ Hatchback တွင် Sunroof ပါသွားခြင်းသာရှိသည်။ ထို့အပြင် မော်ဒယ် နှစ်ခုစလုံးမှ ကားအရှေ့ဒီဇိုင်းမှာ အလုံးစုံ ပြောင်းလဲထားသည့် The ALL-New ဒီဇိုင်းဖြစ်သည်။

All-New Mazda 3တွင်လည်း ယခင် မော်ဒယ်ဟောင်းများတွင် အသုံးပြုခဲ့သော 1.5L SKYACTIV-G Engine ကို ထည့်သွင်း အသုံးပြုထားပြီး ဆီစားနှုန်း အသက်သာဆုံးနှင့် ရုန်းဆွဲမှုအား အကောင်းဆုံးဖြစ်စေရန်အတွက် ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ကြောင်းလည်း Mazda မှ ဆိုထားသည်။

All-New Mazda 3 တွင် ပါဝင်သော Function များထဲမှာ ၈.၈ လက်မရှိ Infotainment TV Screen တွင် Mazda Connect၊ Apple Car Playနှင့် Android Auto စသည့် Function များ ပါဝင်ပြီး All New Mazda 6 တွင်မှ စတင်ထည့်သွင်းခဲ့သော 360 Camera ကိုလည်း ထည့်သွင်းထားသည်။ 6 speed Auto/ Manual Gear ဖြစ်ပြီး Paddle Shifter, Sport Mode, Auto Handbrake, Rader Cruise, Blind Spot Detection, Lane Departure System, Advanced Adaptive Front Light, G-Vectoring Control, 4 Front Parking Sensor, 6 Back Parking Sensor, Emergency Brake Support, Head-Up Display on Windshield, Keyless Entry with Touch Switch, Rain Sensorနှင့် Safety အတွက် Airbag ၆လုံး အစရှိသည်တို့ ပါဝင်သည်။ Mazda3 Hatchback မော်ဒယ်အတွက် Polymetal Gray ဆေးရောင် အသစ်ကိုလည်း ဖန်တီးအသုံးပြုထားသေးသည်။

Mazda Myanmar မှ အသစ်မိတ်ဆက်ပေးခဲ့သည့် ၂၀၂၀ မော်ဒယ် ALL-NEW MAZDA3 Hatchback နှင့် Sedan ကို အမေရိကန်ဒေါ်လာ (49,999) ဈေးနှုန်းသတ်မှတ်ထားပြီး ဝန်ဆောင်မှု အနေဖြင့် Warranty (3 Years or 100,000 Km) ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။














AUTOMOTIVE NEWS

## Super Seven Star မှ မြန်မာနိုင်ငံ၏ ပထမဆုံး Peugeot Showroom ကို စတင်ဖွင့်လှစ်

ပြင်သစ်အခြေစိုက် ကားကုမ္ပဏီတစ်ခုဖြစ်သော Peugeot၏ 3S Center ကို Super Seven Starမှ မြန်မာနိုင်ငံ၏ ပထမဆုံးအဖြစ် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ၈ မိုင်တွင် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက စတင်ဖွင့်လှစ်သွားခဲ့သည်။

အဆိုပါ Showroomတွင် ကား (၁၀) စီးကို တစ်ပြိုင်တည်း ပြုပြင်နိုင်သော စတုရန်းပေ ၁၀၂၅၀ပေ ကျယ်ဝန်းသည့် Workshop နှင့် ကား ၆ စီးကို ပြသနိုင်သော စတုရန်းပေ ၅၁၅၂ ကျယ်ဝန်းသည့် Showroom တို့ပါရှိ မည်ဖြစ်သည်။

ထို့အပြင် အဆိုပါ Showroom ကို Peugeot ၏ ကမ္ဘာအဝှမ်းမှ Retail Concept တစ်ခုဖြစ်သည့် Blue Box ဆိုသည့် အယူအဆ နည်းပညာများအတိုင်း ပြုလုပ်ထားကြောင်းလည်း သိရသည်။

အသစ်ဖွင့်လှစ်လိုက်သော Peugeot Showroom အသစ်တွင် SUV မော်ဒယ်များဖြစ်သော 3008 နှင့် 5008 များကိုပြသထားမည်ဖြစ်ကာ After Sale Service အနေနှင့်လည်း ကျွမ်းကျင်မှု အပြည့်ရှိသော ဝန်ထမ်း အယောက် (၅၀) နှင့်Technician များမှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

ယခု ဖွင့်လှစ်လိုက်သော Peugeot Dealership မှ မြန်မာပြည်သားများအတွက် နှစ်လိုဖွယ်ရာ ရွေးချယ်မှုများစွာနှင့် ကားမော်ဒယ်မျိုးစုံဖြင့် Car Market ဖွံ့ဖြိုးတိုးတက်မှုတစ်ခု ဖန်တီးပေးနိုင်မည်ဟု Super Seven Star မှ အခိုင်အမာ ကတိပြုသွားခဲ့သည်။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် January 18th မှ February 29nd အထိဝယ်ယူသော Customer များကို 3 years free insurance, 3 years free maintenance နှင့် 3 years warranty တို့ပါဝင်သော 3 years peace of mind package ကို ပေးအပ်သွားမည်ဟုလည်း သိရသည်။


Peugeot Myanmar ၏ Sale Operation Manager မအေးမီခိုင်မှ 'ဒီကနေ့ကတော့ ကျွန်မတို့ Super Seven Star ဝန်ထမ်းတွေရဲ့စိတ်လှုပ်ရှားစရာ အကောင်းဆုံးသောနေ့ ဖြစ်ပါတယ်။ ယခုလို Showroom ကြီးကိုဖွင့်လှစ်ပြီး ကျွန်မတို့ရဲ့ Customer တွေကို ပြိုင်စံရှားတဲ့ ပြင်သစ် Brand ရဲ့ ဒီဇိုင်းတွေကို ပြသနိုင်တော့မှာ ဖြစ်လို့ အရမ်းပဲဝမ်းမြောက်ဂုဏ်ယူမိပါတယ်' ဟု ဆိုခဲ့သည်။











## ကား Brands (၁၅) ခုအထိ ပါဝင်မည့် ဒုတိယအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကားပြပွဲ ကျင်းပသွားမည်

ကား **Brands** (၁၅) ခုအထိ ပါဝင်မည့် ဒုတိယအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကားပြပွဲကိုလာမည့် ဖေဖော်ဝါရီလ (၂၁) မှ ဖေဖော်ဝါရီ (၂၃) အထိ သုံးရက်တိုင် **Yangon Convention Centre – YCC** မှာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ကားပြပွဲတွင် **Brands** (၁၅)ခုဖြစ်သည့် **BMW , Brilliance, DFM, Ford, Fuso, GAC, Jaguar, Land Rover, Mazda, Mercedes-Benz, Nissian, Scania, Suzuki, Toyota, Volvo** တို့မှ နောက်ဆုံးပေါ် ကားသစ်များ၊ နောက်ဆုံးပေါ် နည်းပညာနှင့် ဖန်တီးမှုများစွာကို ကြည့်ရှုခံစားရမည် ဖြစ်ကြောင်း သိရသည်။

ကားပြပွဲကြီးတွင် တစ်ခြားစိတ်ဝင်စားဖွယ် အစီအစဉ်တွေဖြစ်ကြသည့် **Modified Street Car Contest,** မော်တော်ယာဉ်ဆက်စပ်ပစ္စည်း **Brand** တွေဖြစ်ကြသည့် **TRK Auto Seat**၊ **Limia Film**၊ အောင်သိန်းသန်း-**Caltex** ၊**PM Cantor**၊ **kingsmen** တို့၏ ရောင်းချမှုများ၊ ထို့အပြင် ပြပွဲကိုလာရောက်ကြမည့်သူများ အနေဖြင့် စာရင်းသွင်းရန် ကောင်တာတွင် မေးခွန်းတချို့ဖြေကြား ရုံနှင့် နောက်ဆုံးပေါ် စမတ်ဖုန်းများကို ရရှိနိုင်မည့် **Luck Draw Campaign** အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ပြပွဲ ၃ ရက်တာ ကာလအတွင်း တစ်နေ့လျှင် စမတ်ဖုန်း (၃) လုံးနှုန်းနှင့် စုစုပေါင်း (၉)လုံး ကံစမ်းမဲဖောက်ပေးမည်ဖြစ်ပြီး **Facebook Fan Page Campaign** အတွက်လည်း **JBL speaker, car camera** တို့လိုပစ္စည်းတွေ မဲဖောက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် ကားပြပွဲကြီးတွင် **CB Bank** က **Offical Banking Partner** အနေနှင့် ပါဝင်မှာဖြစ်ကာ၊ ကားပြပွဲတွင် **CB Bank** နှင့် ချိတ်ဆက်ကာ ကားဝယ်ယူပါက **Down Payment 10%** အထိ လျှော့ပေးသွားမှာ ဖြစ်တာကြောင့် **Customer** များ အနေနဲ့ရည်မှန်းထားတဲ့ ကားဖိုးငွေပြည့်အောင် စောင့်ရန်မလိုအပ်ဘဲ ချက်ချင်းကားစီးနိုင်မှာ ဖြစ်ကြောင်း သိရသည်။ (၅) နှစ်တာ အစီအစဉ်နှင့် ဝယ်ယူမည်ဆိုပါက တစ်လကို **Monthly Payment** အသက်သာဆုံး နှုန်းထားဖြင့် ငွေပေးသွင်းပြီး ကားဝယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

ဒုတိယအကြိမ် ကျင်းပသည့် **Yangon International Motor Show**အား **GPI Myanmar Co.,Ltd**နှင့် မြန်မာမော်တော်ယာဉ်အသင်း **AAM**တို့မှ စီစဉ်ကျင်းပခြင်းဖြစ်သည်။ **GPI** မြန်မာသည် အာဆီယံတွင် အကြီးဆုံး ကားပြပွဲဖြစ်သည့် **Bangkok International Motor Show** ကို တာဝန်ယူစီစဉ်ကျင်းပသည့် **Grand Prix International Public Company Limited** ၏ အဖွဲ့ဝင်ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

















## Volkswagen Car Showroom နှင့် Service Center ကို တရားဝင် စတင်ဖွင့်လှစ်

**Yoma German Motors** ကုမ္ပဏီသည် ဂျာမနီနိုင်ငံထုတ် ကားကုမ္ပဏီဖြစ်သည့် **Volkswagen Car Showroom** နှင့် **Service Center** ဖွင့်လှစ်သည့်အခမ်းအနားကို ပြီးခဲ့သည့် ဇန်နဝါရီလ ၃၀ ရက်နေ့က **Showroom** တည်ရှိရာ ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းနှင့် ရတနာလမ်းထောင့်တွင် ကျင်းပပြုလုပ်သွားခဲ့သည်။

**Yoma Strategic Holding** ကုမ္ပဏီ၏ လက်အောက်ခံဖြစ်သည့် **Yoma German Motor** သည် **Volkswagen** ၏ တစ်ခုတည်းသော တရားဝင် ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီဖြစ်ပြီး **Volkswagen** ကားများကို ၂၀၁၉ ခုနှစ်ထဲက ပြည်တွင်းဈေးကွက်သို့ စတင်တင် သွင်းရောင်းချခဲ့ခြင်းဖြစ်သည်။

**Volkswagen Showroom** တရားဝင်ဖွင့်လှစ်ခြင်းနှင့်အတူ **Yoma German Motors** သည် ပြည်တွင်းဈေးကွက်အတွက် သင့်လျော်မည့် **Volkswagen** ကားများကို မိတ်ဆက်ဖြန့်ဖြူးသွားရန် စီစဉ်ထားကာ ရန်ကုန်မြို့တွင် **4S Dealership Center** နှင့် မန္တလေးမြို့တွင် **3S Dealership Center** တို့ကို ဖွင့်လှစ်ထား ရှိပြီးဖြစ်သည်။

**Yoma German Motors** ၏ ဒါရိုက်တာ **Mr.Dominique Lejeune**က 'ရေရှည်ကြိုးစားခဲ့ရတဲ့ **Volkswagen** ရဲ့ တရားဝင်ဖွင့်လှစ်မှုက အားလုံးကို ပိုမိုစိတ်လှုပ်ရှားစေခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဝယ်ယူသူတွေကို အကောင်းဆုံးဝန်ဆောင်မှုတွေ ပေးနိုင်ဖို့ ဝန်ထမ်းတွေကို သေသေချာချာလေ့ကျင့်ပေးထားပါတယ်။ အနာဂတ်မှာ ကျွန်တော်တို့အနေနဲ့ ပိုမိုအောင်မြင်ဖို့လည်း မျှော်လင့်ပါတယ်' ဟု ပြောဆိုသွားခဲ့သည်။

မြန်မာနိုင်ငံတွင် **Volkswagen** ကားများကို ရောင်းချရာတွင် (၂)နှစ် သို့မဟုတ် ကီလိုမီတာ(၁)သိန်း အာမခံပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် **Polo Hatchback, Polo Sedan, Golf,Tiguan**နှင့် **Touareg** တို့ကို ရောင်းချပေးလျက်ရှိသည်။


















**Skyactiv – Vehicle Architecture** ကို နှစ်မြုပ်ထားတဲ့ **All – New Mazda 3** က သဘာဝတရားနဲ့ တစ်သားတည်းဖြစ်စေမယ့် ခံစားမှုမျိုးကို ပေးအပ်ဖို့ လူကြီးမင်းတို့ရဲ့ ရှေ့မှောက် ရောက်လာခဲ့ပါပြီ။ ဒါ့အပြင် နှစ် ၁၀၀ ပြည့်နှစ် အထိမ်းအမှတ်အဖြစ်လည်း **Mazda Myanmar** မှ **Mazda** ရဲ့ မျိုးဆက်သစ် ဖြစ်တဲ့ **ALL-NEW MAZDA 3** အား မိတ်ဆက်ခဲ့တာမို့ အရမ်းကို ထူးခြားမှုတွေနဲ့ ပြည့်နှက်နေတဲ့ ဒီ **ALL-NEW MAZDA 3** အကြောင်းကို ဆက်လေ့လာ ကြည့်ရအောင်ပါနော်။

AUTOMOTIVE COVER FEATURE

# သဘာဝတရားနဲ့ တစ်သားတည်းဖြစ်စေမယ့် ခံစားမှုမျိုးကို ပေးစွမ်းနိုင်တဲ့ All – New Mazda 3

**Seagull**





MILKY WAY AUTOMOTIVE

## အပြင်ပိုင်း

Mazda ချစ်သူတွေအတွက် ထူးခြားစွာထွက်ရှိလာတဲ့ **All – New Mazda 3** က **Kodo Design** နဲ့ ပထမဆုံး ဖန်တီးထားတဲ့ **Model** လည်းဖြစ်ပါတယ်။ စိတ်လှုပ်ရှားဖွယ်အလှတရားရှိတဲ့ **Hatchback** နဲ့ ခန့်ထည်ပြီး ဝင့်ထည်တဲ့ **Sedan** မော်ဒယ်တို့က **Mazda** ချစ်သူများကို နှစ်သက်စွဲလန်းမှု အပြည့်အဝ ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။ **Hatchback** မော်ဒယ်က စွဲဆောင်မှုရှိခြင်း ၊ ကျယ်ဝန်းသပ်ရပ်ခြင်းနဲ့ ကြံ့ခိုင်ခြင်း ဆိုတဲ့ **Design Concept** တို့ကို တွေ့မြင်ရမှာဖြစ်ပြီး **Sedan** မော်ဒယ်မှာတော့ ကျစ်လျစ် တောက်ပပြီး စတိုင်ကျတဲ့ ခံစားမှုကို ကားရဲ့ ပတ်လည်မှာ စီးမျောခံစားရမှာဖြစ်ပြီးချောမွေ့လှပတဲ့ **Design Concept** ကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ကားရဲ့ မျက်နှာစာကလည်း **All – New** ပုံစံ အပြည့်အဝရှိပြီး ရှေ့မီးကြီးတွေကိုလည်း **Kodo Design** ဖြစ်တဲ့ သားရဲတစ်ကောင်ရဲ့ မျက်လုံးပုံစံမျိုး ဖန်တီးထားကာ ကားအရှေ့ဒီဇိုင်း **Grille** ကိုလည်း **Mazda** ရဲ့ ကိုယ်ပိုင် အသွင်အပြင်ဖြစ်တဲ့ **Mazda Wing Grille** ပုံစံကို အသုံးပြုထားပါတယ်။

ဒါ့အပြင်**Shape** တွေကိုလည်း လိုက်ဖက်အောင် ရွေးချယ်သုံးစွဲ တန်ဆာဆင်ထားပါတယ်။ **All– New Mazda3** ရဲ့ ထူးခြားချက်ဖြစ်တဲ့ **Palymetal Gray** ဆေးရောင်အသစ်ကို **Hatchback Model** မှာရရှိနိုင်ပါလိမ့်မယ်။ ဒီဇိုင်းပိုင်းကို သုံးသပ်ရရင် မော်ဒယ်(၂)ခုလုံးက **ALL-New** ဒီဇိုင်းတွေဖြစ်လို့ မြင်နေကျ **Mazda Design** လှလှတွေကို စတိုင်ကျပြီး ဆွဲဆောင်မှု ရှိတဲ့ပုံမျိုး ဖြစ်အောင် ထပ်မံ ပြုလုပ်ထားသလိုမျိုး ခံစားမိပါတယ်။

## အတွင်းခန်း

ကားနဲ့ တစ်သားတည်းကျတဲ့ အခင်းအကျင်းကို **All – New Mazda 3** ရဲ့ အတွင်းခန်းမှာ ခင်းကျင်းထားပြီး **Kodo Design** ရဲ့ ခမ်းနားထည်ဝါမှု လက်ရာကိုလည်း **Mazda** ချစ်သူများထံ ပေးအပ်ထားပါတယ်။ ရှင်းရှင်းလင်းလင်းရှိတဲ့ **Cockpit Zone** ကလည်း **Vanishing Point** ရှိတဲ့အတွက် ယာဉ်မောင်းအနေနဲ့ လွယ်ကူစွာ ထိန်းချုပ်ကိုင်တွယ်နိုင်ပါလိမ့်မယ်။ **Air-Con** လေပေါက် ဒီဇိုင်းကလည်း ပုံစံဆန်းပြီး ကားရှေ့ခန်းကို အပြည့်အဝ အေးမြစေပါလိမ့်မယ်။ **Premium Leather** တွေနဲ့ ကျကျနန ချုပ်လုပ်ထားတဲ့ ပုံစံကွက်အသစ် ဒီဇိုင်းတွေကိုလည်း **Mazda 3** အတွင်းခန်းထဲမှာ ထည့်သွင်းထားသလို **Sporty Feeling** ကို နှစ်သက်တဲ့ လူငယ်တွေအတွက်လည်း **Liner** တွေ ပတ်လည်ချုပ်ထားပါသေးတယ်။ **Elegant** အဆင်းရှိတဲ့**New Greige Color** ကလည်း အတွင်းခန်းကို ဝင်လိုက်တာနဲ့ စိတ်ကျေနပ်မှုကို အပြည့်အဝ ပေးနိုင်မယ့်အရောင်မျိုးဖြစ်ပါတယ်။



ဒါ့အပြင် နောက်ထပ် **Feature** တစ်ခုဖြစ်တဲ့ ( **HMI** )**Human – Machine Interface** က ကားနဲ့ ယာဉ်မောင်းတို့ကို **Match** ဖြစ်စေမယ့် သဘောကိုဆိုလိုပြီး **Mazda 3**မှာ အဲဒီအရာကို ရှာဖွေတွေ့ရှိနိုင်ပါတယ်။ ပုံစုံမျိုးစုံ ချိန်ညှိနိုင်တဲ့ **Steering/ Adjust** လုပ်နိုင်တဲ့ **Seat Cushion** နဲ့ **Auto / Manual** ပေါင်းစပ်ထားတဲ့ **Gear Shift** တို့ကလည်း ယာဉ်မောင်းကို **Relax** ဖြစ်စွာ မောင်းနှင်မှုအတွက် အတိအကျကူညီပေးမယ့် **Function** တွေဖြစ်ပါတယ်။ **Floor Console Layout** နဲ့ **Cup holder**လည်း ကားရှေ့ခန်းမှာ ထည့်သွင်းထားသလို လမ်းခရီးနဲ့ သက်ဆိုင်တဲ့ **Data** တွေကို **Active Driving Display** စနစ်နဲ့ ဒိုင်ခွက်မှာ ပြသမှာဖြစ်ပြီး အလယ်မှာလည်း **8.8 inch Display Screen** ပါရှိကာ **Function** တွေကို ရှင်းရှင်းလင်းလင်း ထိန်းချုပ်နိုင်မှာလည်း ဖြစ်ပါတယ်။ **Digital Owner Manual** လို အရမ်းမိုက်တဲ့ **Features** တွေ ပါဝင်တဲ့ **Mazda Connect** က ယာဉ်မောင်းအတွက် လိုအပ်တဲ့ **App** များစွာကို **Digital** နည်းပညာနဲ့ ကူညီပေးနိုင်ပါလိမ့်မယ်။ ဒါ့အပြင် **Apple Car Play** နဲ့ **Android Auto** စတဲ့ **Function** တွေကို ထည့်သွင်းထားပြီး **All New Mazda 6** မှာမှ စတင်ထည့်သွင်းလာတဲ့ **360 Camera** ကိုလည်း ထည့်သွင်းအသုံးပြုလာပါတယ်။ **Entertainment** အတွက် စပီကာ(၈)လုံးပါတဲ့ **Audio** စနစ်ကို **Standard** ထည့်သွင်းထားပါတယ်။ အဲဒီစနစ်မှာ **3L Woofer**နဲ့ **2.5 cm Squawker** တစ်စုံ၊ **8 cm Squawker**တို့ ပါဝင်လို့သီချင်းတွေကို ရှယ်နားဆင်နိုင်ပါလိမ့်မယ်။ အဲဒီ **Features** တွေအပြင် စပီကာ (၁၂)လုံးပါတဲ့ **Bose** အမျိုးအစားအသံစနစ် ၊**8 cm Center Speaker**၊ **Satellite Speaker** တစ်စုံနဲ့ **Subwoofer** ကို တွဲဖက်ထားတဲ့ **Audio Quality** ကိုလည်း**Option** အနေနဲ့မှာယူ ရနိုင်ပါသေးတယ်။



## အင်ဂျင်နဲ့စွမ်းဆောင်ရည်

**All New Mazda 3** မှာ **Mazda** ရဲ့ နောက်ဆုံးပေါ် **Skyactiv Engine** စနစ် ၊ **Skyactiv – X** နဲ့ **Skyactiv – Vehicle Architecture** တို့ဖြင့် ထူးခြားစွာ ဖန်တီးပေးထားပါတယ်။ **All-New Mazda 3** မှာလည်း ယခင်မော်ဒယ်များမှာ အသုံးပြုခဲ့တဲ့ **1.5L SKYACTIV-G Engine** ကိုသာ ထည့်သွင်း အသုံးပြုထားပြီးဆီစားနှုန်းအသက်သာဆုံးနဲ့ ရုန်းဆွဲအား အကောင်းဆုံး ဖြစ်စေရန်အတွက် ဖန်တီး ထုတ်လုပ်ထားခြင်းလည်း ဖြစ်ပါတယ်။ အလွန်ပေါ့ပါးပြီး စွမ်းဆောင်ရည်ကောင်းတဲ့ **i – Active AWD** စနစ်ကိုလည်း **Mazda 3** မှာ ထည့်သွင်းထားလို့ လမ်းအခြေအနေမျိုးစုံအပေါ် အဆင်ပြေစွာ အသုံးပြုနိုင်မှာလည်း သံသယဖြစ်စရာ လိုမယ်မထင်ပါဘူး။ ဒီကားမှာ **6 speed Auto/ Manual Gear** ပါဝင်မှာဖြစ်ပြီး **Paddle Shifter** အပြင် လူငယ်အကြိုက် **Sport Mode** ကိုပါ ပြောင်းလဲမောင်းနှင်နိုင်ပါတယ်။









## လုံခြုံရေး

အဲဒီအပြင် Steeringကို ကောင်းစွာပဲ့ကိုင်နိုင်ပြီး Torque ကို ထိန်းချုပ်ပေးတဲ့ G-Vectoring Control GVC စနစ်လည်း ထည့်သွင်းထားပါသေးတယ်။ Mazda 3 ရဲ့ကိုယ်ထည်တည်ဆောက်မှုက Straight Frameworkနဲ့ Ring Structure Concept တို့ ပေါင်းစပ်ထားတဲ့အတွက် တောင့်တင်းခိုင်ခန့်မှုရှိကာ Dumper နဲ့ တာယာတွေက လည်း ထိပ်တန်းအရည်အသွေးရှိလို့ ကြာရှည်ခံ အသုံးပြုနိုင်ပါတယ်။ Suspension စနစ်အနေဖြင့် ကားရှေ့ဖက်မှာ Mac Pherson Structureနဲ့ ကားအနောက်ဖက်မှာ Torsion Beam Setup ကို တပ်ဆင်ထားပါတယ်။ Mazdaရဲ့ ပထမဆုံး Application – 2 Wall Structure ကို ကားကိုယ်ထည်နဲ့ ကြမ်းခင်းအကြားနေရာတွေမှာ ထည့်သွင်းထားလို့ ဆူညံသံတွေကို ဖယ်ထုတ်ပေးနိုင်ပြီး တုန်ခါမှုတွေကိုလည်း ချေဖျက်ပေးခြင်းတို့ ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် New Mazda 3 မှာ Driver Monitoring System ကို ထည့်သွင်းထားပြီး ဒီအဆင့်မြင့်စနစ်က (အနီအောက် ရောင်ခြည်ကင်မရာ)နဲ့ LED စနစ်ကို အသုံးပြုကာ ယာဉ်မောင်းရဲ့ အခြေအနေကို စောင့်ကြည့်ထောက်ပံ့မှုပေးတဲ့စနစ်ဖြစ်ပါတယ်။ နောက်ထပ် safety စနစ်တစ်ခုဖြစ်တဲ့ ရေဒါအခြေခံတဲ့ ကာကွယ်မှုစနစ် - Front Cross Traffic Alert – FCTA စနစ်လည်း ပါရှိပြီး Cruising and Traffic Support စနစ်ကိုလည်း ထည့်သွင်းထားပါတယ်။ Accordion – Style ပုံဖေါ်မှုများ ပါဝင်တဲ့ ခိုင်ခန့်တဲ့ Body Frame ဖြစ်ခြင်း၊ ဒူးကာလေအိတ် (၂)လုံးကို ပထမဆုံး ထည့်သွင်းထားမှုကြောင့် စုစုပေါင်း လေအိတ်(၇)လုံး ပါဝင်ပြီး Fully Airbag System ဖြစ်ခြင်း၊ New Energy – Absorbing Inner Structure စနစ်ပါဝင်ခြင်းကြောင့် Passive Safety ဖန်တီးမှု ရပ်ဝန်းနဲ့ စိတ်ချရမှုတွေကို အပြည့်အဝပေးစွမ်းနိုင်ပါလိမ့်မယ်။



## ဈေးနှုန်းနဲ့ ဝန်ဆောင်မှု

Mazda Myanmar မှ ပြည်တွင်းကို အသစ်မိတ်ဆက်လိုက်တဲ့ 2020 ALL NEW MAZDA3 Hatchbackနဲ့ Sedan တို့ကို အမေရိကန်ဒေါ်လာ (49, 999)ဈေးနှုန်း သတ်မှတ်ထားပြီး ဝန်ဆောင်မှုအနေနဲ့ Warranty (3 Years or 100,000 Km) ပါရှိမှာဖြစ်ကာ လက်ငင်းအရစ်ကျ (၂)မျိုး စလုံးနဲ့ ဝယ်ယူနိုင်ပါတယ်။

# ဗြိတိန်တို့၏ အနုသုခုမဖန်တီးမှုများစွာနှင့်
# New Range Rover Evoque

Range Rover Evoque ကို 2011 တွင် စတင်မိတ်ဆက်ခြင်းဖြင့် Land Rover သည် ပြောင်းလဲမှုစာမျက်နှာကို ဖွင့်လှစ်နိုင်ခဲ့သည်ဟု ဆိုရပေမည်။ Evoque မတိုင်ခင် Land Rover မှ Range Rover Model များ၏ခန့်ထည်ပြီး Boxy Design ဖန်တီးမှုကို ကားချစ်သူများ ခံစားရခဲ့ပြီး ဖြစ်သော်လည်း Evoque ၏ အလွန်လှပကာ Sportyဆန်သည့်ဒီဇိုင်း၊ သားသားနားနား ခင်းကျင်းထားသည့် အတွင်းခန်းနှင့် အရောင်ဆန်းများ ထည့်သွင်းထားမှုတို့ကြောင့် Range Rover ချစ်သူများ၏ အရွယ်မရွေး နှစ်သက်မှုကို တပွေ့တပိုက် ထပ်မံ ရရှိခဲ့တယ်ဆိုရင်လည်း မမှားနိုင်ပါဘူး။

ရောင်နီ



### စတိုင်ကျခြင်း

Fashion ကျကျ ဖန်တီးမှုဖြင့် ထင်ရှားသည့် Range Rover Evoque 2020 Modelသစ်တွင် သစ်လွင်သည့် ဒီဇိုင်းဖန်တီးမှုများအပြင် Off–Road အတွက် ထိပ်တန်း စွမ်းဆောင်ရည်စနစ် ထည့်သွင်းထားခြင်းနှင့် ဆန်းသစ်သည့် Technologies တို့ဖြင့် ထွက်ရှိလာပါသည်။ New Evoque တွင်Land Rover၏ Elegant သင်္ကေတနှင့် Sporty ဆန်မှုတို့ ပေါင်းစပ်ထားကာ LED Signature ပါဝင်သည့် ရှေ့မီးကြီးဒီဇိုင်းနှင့် Grille ဒီဇိုင်းတို့ကလည်း Evoque အား မြင်ရသူတိုင်း ငေးမောစေမည်ဆိုတာကို ကြိမ်းသေပေါက် အာမခံနိုင်ပါသည်။ လှပဆန်းသစ်မှုများဖြင့် ထွက်ရှိလာသော New Evoque တွင် (S/ SE/ HSE)ဟူ၍ Grade (၃)မျိုးရရှိနိုင်မည်လည်း ဖြစ်သည်။

### ရွေးချယ်စရာများပြားခြင်း

New Range Rover Evoque တွင် ဓာတ်ဆီအင်ဂျင် (၂)မျိုးနှင့် ဒီဇယ်အင်ဂျင် (၁)မျိုး ရရှိနိုင်မှာဖြစ်ပြီး ဓာတ်ဆီ အင်ဂျင်များမှာ – ( 200 PS ) ထွက်ရှိမည့် ( 2.0 L Turbo I 4 Engine) နှင့် ( 249 PS ) ထွက်ရှိမည့် (2.0 L Turbo I 4 Engine) တို့ဖြစ်သည်။ ဒီဇယ်အင်ဂျင်တွင်မူ (180 PS) ထွက်ရှိမည့် (2.0 L Turbo I 4 Engine) ဖြစ်ကာ အင်ဂျင်အားလုံးတွင် (9–Speed Auto gear)ကို တပ်ဆင်ထားပြီးAWD စနစ်လည်း ပါရှိပါသည်။ ဓာတ်ဆီအင်ဂျင်နှင့် ဒီဇယ်အင်ဂျင်တို့သည် ဆီစားနှုန်း အထူးသက်သာခြင်း၊ စွမ်းဆောင်ရည်မြင့်မားခြင်းနှင့် ကြာရှည်အသုံးပြုနိုင်ခြင်း စသည့် အချက်များ ပြည့်စုံသည့်အတွက် Evoque ချစ်သူများ အကြိုက်တွေ့နိုင်မည်ဖြစ်သည်။ ရွေးချယ်စရာ များပြားလွန်းခြင်းကလည်း အားသာချက် တစ်ရပ်အဖြစ် Evoqueက သူ့ပြိုင်ဘက်များကို ကောင်းကောင်း စိန်ခေါ်ထားနိုင်ပါသည်။ New Evoque တွင် ငြိမ့်ညောင်းပြီး ယာဉ်ကို တည်ငြိမ်စေသည့် Feeling ကို အပြည့်အဝခံစား ရနိုင်မည်ဟု Range Rover မှ အခိုင်အမာ ဆိုထားသည်။ ၎င်းတွင် အကောင်းဆုံး မောင်းနှင်မှုကို ဖော်ဆောင်နိုင်ရန် ကားအရှေ့ဖက် ဝန်ရိုးသည် Mac Pherson Struts, Anti–roll Bar Type ဖြစ်ပြီး ကားအနောက်ဖက် ဝန်ရိုးမှာ Integral Multi – Link Type စနစ်ဖြစ်သည်။ တိကျသည့် ဘရိတ်ဖမ်းမှု အတွက်လည်း Power – Assisted ABS ဘရိတ်စနစ်နှင့် Emergency Brake Assist စနစ်တို့ ပေါင်းစပ်ထည့်သွင်းထားပါသည်။

### အစဉ်အလာကောင်းများကို ဆက်ထိန်းထားခြင်း

Range Rover သည် ၎င်းတို့ထုတ်ကားမော်ဒယ်တိုင်း၏ အတွင်းခန်း အခင်းအကျင်းနှင့် ဖွဲ့စည်းမှုသည် လိုက်ပါစီးနင်းသည့် ခရီးသည်နှင့် ယာဉ်မောင်းတို့အတွက် အထူးသက်သောင့် သက်သာရှိစေမည့် ခံစားမှုကို ပေးစွမ်းနိုင်အောင် ဖွဲ့စည်းထားပါသည်။ Range Rover၏ အဆိုပါ အစဉ်အလာကို ဆက်လက်စောင့်ထိန်းထားသည့် New Evoque၏ အတွင်းခန်းတွင် သပ်ရပ်လှပမှုနှင့် အထူးဆွဲဆောင်မှုရှိသည့် Dashboard Design တို့ ပေါင်းစပ်ထားပြီး Auto – Adjust ပါဝင်သည့် Perforated Grained Leather အရှေ့ဖက်ထိုင်ခုံနှင့် အနောက်ထိုင်ခုံများကိုလည်း ထည့်သွင်းထားသလို ဒုတိယထိုင်ခုံတန်းအား (40/ 20/40) အချိုး ခေါက်သိမ်းနိုင်မည်ဖြစ်သည်။ အတွင်းခန်းတစ်ခုလုံး၏ Arrangement အား အဆင့်အတန်း မြင့်မားစွာ စီစဉ်ထားကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပါမည်။ ယာဉ်မောင်းအနေဖြင့် အရှေ့မြင်ကွင်းကိုကောင်းစွာ မြင်တွေ့နိုင်မည့်အရှေ့လေကာမှန်စနစ် အပါအဝင် Rear View Camera နှင့် Parking Sensor များကို Standard အနေဖြင့် ထည့်သွင်းထားခြင်းတို့မှာ စိတ်ချ၊ လုံခြုံသည့် မောင်းနှင်မှုကို ရရှိစေသည့် အချက်များဟု ဆိုရပေမည်။

### ပြောင်မြောက်သော အနုပညာလက်ရာများ

New Evoque ၏ အတွင်းခန်း၊အပြင်ဖက် ဒီဇိုင်းဖန်တီးမှုတို့၏ Quality သည် အထူးကောင်းမွန်သည့် အဆင့်ရှိပြီး Body ဆေးရောင်မှ အစ သေချာစွာ ဖန်တီးထားသည်ကို တွေ့ရသည်။ Velar မှာ စတင်အသုံးပြုခဲ့သော flush door handles များပါရှိသလို Steering Wheel အပါအဝင် ထိုင်ခုံနှင့် အတွင်းခန်း ပတ်လည်ရှိ ချုပ်ရိုး ချုပ်သား များသာမက ကားထဲရှိ Materials များအားလုံးကို သေသပ်ကျနစွာ ချုပ်လုပ်ထားမှုသည် ဗြိတိန်တို့၏ စနစ်တကျရှိခြင်း ၊ သပ်ရပ်ခြင်းနှင့် အဆင့်အတန်းမြင့်မားခြင်းတို့ကို ထင်ဟပ်ပေါ်လွင်စေပါသည်။ အထူးသဖြင့် Sporty ဆန်မှုနှင့် SUV၏ ပြယုဂ်တို့ အပြည့်အဝပါဝင်ပေါင်းစပ်ထားသည့် New Evoque ကို ကြည့်လျှင် Range Rover ၏ ခေတ်နှင့်အညီ ဆန်းသစ်တီထွင် ပြောင်းလဲမှုများကို အထင်းသား မြင်တွေ့ရမည် ဖြစ်သည်။

### နည်းပညာစွမ်းပကား

စွယ်စုံအသုံးပြုနိုင်သည့် Features များစွာ ပါဝင်သည့် ၁၀ လက်မ ပတ်လည် Touch Pro Duo စနစ်တွင် CD၊ Bluetooth မှ အစပြု၍ သတင်း၊ ဖျော်ဖြေရေး ဆိုင်ရာများကို လွယ်ကူ တိကျစွာ ထိန်းချုပ်အသုံးပြုနိုင်မည်ဖြစ်ကာ ဖျော်ဖြေရေးအနေဖြင့် စပီကာ (၁၀)လုံး/စပီကာ ၁၄လုံး ပါရှိသည့် Meridian အမျိုးအစား အသံစနစ်များနှင့် Integrated Tablet RSE System တို့ကိုလည်း Optional အနေဖြင့် မှာယူနိုင်မည်ဖြစ်သည်။

New Evoque တွင် ပါဝင်သော Features များမှာ Terrain Response 2, Dynamic Response, HDC, Hill Start Assist, Park Assist, Auto High Beam Assist, 2–Zone Climate Control, Full TFT, LCD Instrument Cluster, Smart Rear View Mirror စနစ် (S/SE တွင် Optional ဖြင့်သာရရှိနိုင်)၊ Power Tailgate With Hands Free စနစ် (S / SE တို့တွင် Optional ဖြင့်သာ ရရှိနိုင်)တို့ ထည့်သွင်းထားပါသည်။ ထို့အပြင် Extended Leather၊ Surround Camera၊ Head-up Display, R-Dynamic Pack / Privacy Glass တို့ကိုလည်း Optional အနေဖြင့် မှာယူရနိုင်မည်လည်း ဖြစ်သည်။






MILKY WAY AUTOMOTIVE

MILKY WAY AUTOMOTIVE

New Evoque တွင် Safety ဆိုင်ရာ ပါဝင်မှုများကို အတော်များများ ထည့်သွင်းထားမှုမှာ ထူးခြားချက်ဖြစ်ပြီး အဆင့်မြင့်နည်းပညာသုံး Features များစွာလည်း ပါဝင်နေသည်။ အဆိုပါကားကို Aluminum Monoque Body frame ဖြင့် တည်ဆောက်ထားသည့်အတွက် ရာသီမရွေး အသုံးပြုနိုင်ခြင်းနှင့် ကြာရှည်ခံပြီး ပေါ့ပါးသည့် ထူးခြားချက်ကို ရရှိနိုင်မည်ဟု Range Rover မှ အခိုင်အမာ ဆိုထားသည်။ ထို့အပြင် အဓိက ပါဝင်သည့် Safety Features များမှာ–ABS၊ အသက်ကယ် လေအိတ် (၆) လုံး၊ ETC၊ Emergency Brake Assist၊ Electronic Park Brake-EPB၊ Cornering Brake Control – CBC၊ DSC Push Button Start ၊ Passive Entry/Push Button Start စနစ်(S / SE တို့တွင် Optional ဖြင့်သာရရှိနိုင်) စသည်တို့ကို စုံလင်စွာ ထည့်သွင်းပေးထားသည်။

## အသစ်ပါဝင်လာမှု

ထူးခြားမှုများစွာ ပါဝင်လာသည့် Range Rover Evoque အသစ်တွင် Range Rover ၏ အသစ်ထပ်မံ ထုတ်လုပ်လိုက်သော နည်းပညာနှစ်ခုကို ထည့်သွင်းထားသည်ကို တွေ့မြင်ရပေမည်။ ပထမတစ်ခုမှာ Clear Sight Ground View ဖြစ်ပြီး ကားအောက်ဘက်နှင့် အရှေ့ဘက်တို့ကို ရှင်းလင်းစွာ မြင်တွေ့နိုင်အောင် ကားရှေ့ဘောနက်၊ ဘေးနောက်ကြည့်မှန်နှင့် အောက်ဘက်တို့တွင် ကင်မရာများ ထည့်သွင်းပေးထားပြီး ကားအတွင်းခန်းရှိ Touchscreen ပေါ်တွင် ၁၈၀ ဒီဂရီပုံစံ ပြသပေးထားခြင်းကြောင့် ယာဉ်မောင်းနှင်သူအတွက်လွန်စွာ အဆင်ပြေစေနိုင်သည့် Driver Assist နည်းပညာ တစ်ရပ်ဖြစ်သည်။ အဆိုပါ နည်းပညာသည် ယာဉ်မောင်းသူများအနေဖြင့် မြို့တွင်း မောင်းနှင်မှု ပြုလုပ်ရာတွင် ကားပတ်ပတ်လည်ရှိ ပလက်ဖောင်းဘောင်များကို ကားနှင့်လွတ်မလွတ်ဆိုသည်ကို အလွယ်တကူ ကြည့်ရှုရှောင်ရှားနိုင်မည် ဖြစ်သည်။ နောက်ထပ်နည်းပညာတစ်ခုမှာ နောက်ဘက် Cargo Space တွင် ဘက်ကြည့်မှန်ကို ကွယ်လောက်သည့် ပစ္စည်းများ ပါရှိနေလျှင်လည်း နောက်ကြည့်မှန်တွင် ပါသော Button ကို နှိပ်လိုက်ရုံဖြင့် နောက်ဘက်ကို အလွယ်တကူ ကြည့်ရှုစေနိုင်ရန် အတွက် နောက်ကြည့်မှန်သုံး ကင်မရာကို ကားနောက်ဘက် အမိုးတွင် တပ်ဆင်ပေးထားခြင်း ဖြစ်သည်။ အဆိုပါ HD ဖြင့် ဖော်ပြပေးမည့် နောက်ကြည့်ကင်မရာမှာ ကြည်လင်ပြတ်သားမှုရှိပြီး 50 degree ဖြန့်ကျက်ကြည့်ရှုနိုင်သည်။ ထို့အပြင် ဖုန်၊ အညစ်အကြေးများကိုလည်း ကင်မရာအနီး တပ်ဆင်ထားသော ရေပန်းဖြင့် ပြန်လည်ဆေးကြောနိုင်မည်ဟု သိရသည်။ လွန်စွာအသုံးတည့်သည်ဟု ဆိုရပေမည်။

## ဈေးနှုန်းနှင့် သုံးသပ်မှု

New Evoque အား အင်းစိန်လမ်းမပေါ်ရှိ Capital Automotive ( Jaguar Land Rover Myanmar ) မှ တစ်ဦးတည်းကိုယ်စားလှယ်အနေဖြင့် ရောင်းချပေးနေပြီး ဈေးနှုန်းအနေဖြင့် ( USD 78,000 ) မှ စတင်မည် ဖြစ်ပါသည်။ ဝန်ဆောင်မှုများအနေဖြင့် (3 years Warranty up to 100,000 km) နှင့် ( 5 years Services or 65,000 km) တို့ ရရှိနိုင်မည်ဖြစ်သည်။ လက်ရှိ ပြည်တွင်းမှာဆိုလျှင် ၎င်း၏ ပြိုင်ဘက် အများအပြားရှိနေသော်လည်း New Evoque ၏ ပါဝင်သော နည်းပညာအသစ်များ၊ လှပစတိုင်ကျမှု၊ စွမ်းဆောင်ရည်နှင့် ရွေးချယ်စရာ Trim Level များစွာ ရှိနေခြင်းကြောင့် နေရာတစ်ခု အခိုင်အမာရရှိနေသည့် ကားကောင်းတစ်စီးဟု သတ်မှတ်ချင်ပါသည်။

| |
|---|
| Specification… |
| Engine – 2.0L Turbocharges (Petrol/Diesel) |
| Transmissions – 9 Speed A/T |
| Maximum Power (HP/rpm) – 249 PS |
| Maximum Torque (Nm/rpm) – 365 Nm |
| Top speed (km/h) – 230 km/h |
| Acceleration (0-100 km/h) – 7.5 seconds |
| Fuel Consumption(Combined) -7.7L/100km |
| Dimension – 4368mm L x 1905 mm W x 1600mm H |







# Sporty SUV အဓိပ္ပာယ်ကို အပြည့်အဝ မြင်တွေ့ရမယ့် All New GAC GS 5



AUTOMOTIVE REVIEW

ယုံကြည်စိတ်ချရပြီး အမြဲဆန်းသစ်တဲ့ နည်းပညာရပ်များဖြင့် ဖန်တီးထားတဲ့ကားတွေကိုသာ ထုတ်လုပ်တဲ့ တရုတ်နိုင်ငံ အခြေစိုက် GAC Motor က SUV ချစ်ပရိသတ်တွေအတွက် GS 5 SUV ကို ဆန်းသစ်မှုများစွာနဲ့ အသစ်ဖန်တီး ထုတ်လုပ်လိုက်ပါတယ်။ New GS 5 SUV မှာ Light Inte-rior ကြွခိုင်တဲ့ ကိုယ်ထည်၊ ခေတ်ရှေ့ပြေးဒီဇိုင်းဖန်တီးမှုတို့အပြင် စွမ်းဆောင်ရည် မြင့်မားတဲ့ အင်ဂျင်တို့ပါရှိတာမို့ Premium Quality ကိုမှ ရွေးချင်သူတွေအတွက်တော့ အံကိုက်ပါပဲနော်။ ဒါကြောင့် New GS5 က ဘယ်လိုအနေအထားအထိ သင့်ကို ဆွဲခေါ်သွားနိုင်မလဲ ဆိုတာကို တစ်ချက်လောက် စီးမျှောကြည့်ရအောင်လား ခင်ဗျာ။

ရဲဇင်ယော်မြင့်



### အပြင်ဘက်


Sporty SUV ဆိုတဲ့ အဓိပ္ပာယ်ကို All New GS5 မှာ အပြည့်အဝမြင်တွေ့ရပါလိမ့်မယ်။ 3-Diamond Shape ဆိုပြီး နာမည်ကြီးနေတဲ့ ရှေ့မီးကြီးနဲ့ GAC Logo ထင်ရှားပါဝင်တဲ့ Grille ပုံစံအသစ်တို့က ဒီကားကို Sporty ဆန်စေတဲ့အပြင် လှပမှုကို ဖော်ပြနေပါတယ်။ ဒါ့အပြင် DRL စနစ်ပါဝင်တဲ့LED ရှေ့မီးကြီးတွေနဲ့ နှင်းခွဲမီး ဒီဇိုင်းအသစ်တို့မှ စတင်ကာ အရှေ့ဖက် Grille၊ သွယ်လျပြီး လှပတဲ့ Body Style နဲ့ Connected LED နောက်မီးတန်းအပြည့်ပါဝင်တဲ့ နောက်ဖုံး ဒီဇိုင်းတို့ အားလုံးက Sporty SUVရဲ့ အဓိပ္ပာယ် အပြည့်အဝကို ဖော်ညွှန်း ပြသနေပါတယ်။ နောက်ပြီး Stylish Alloyဘီးများ၊ Shark Fin Antenna၊ Metal Running Board နဲ့ Sunroof တို့ကိုလည်းNew GS5 မှာထည့်သွင်းထားပြီး ၁၈လက်မ Alloy Wheelတွေကိုလည်း တပ်ဆင်ပေးထားပါတယ်။ ဒါ့အပြင် ဒီကားမှာ Body ဆေးရောင်အနေနဲ့ Ice Blue၊ Starlight Silver ၊ Elegant Black၊ Ivory While၊ Horse Brown ၊ Moon Grayစတဲ့ အရောင်ဆန်း ၆ ရောင် ရွေးချယ်နိုင်ပါတယ်။

### အတွင်းဘက်

New GAC GS 5 ရဲ့ အတွင်းခန်းကို Light Interior လို့ GAC မှ တင်စားထားပြီး ကျယ်ဝန်းသပ်ရပ်တဲ့ (၅)ယောက်စီး အခင်းအကျင်းဖြင့် ဖန်တီးထားပါတယ်။ အတွင်းခန်းတစ်ခုလုံးရှိ ပစ္စည်းတွေကို အသေးစိတ်ကျနစွာ ဖန်တီးထားပြီး 8-way Driver Seat အပါအဝင် ထိုင်ခုံများကလည်း သားရေနဲ့ Leatherette-trimmed ထိုင်ခုံတွေ ဖြစ်ကာ ထိုင်ရတာ သက်သောင့်သက်သာ ရှိစေပါတယ်။ ရှေ့ထိုင်ခုံတွေကလည်း လေဝင်လေထွက် ကောင်းအောင် ဖန်တီးပေးထားလို့ ခရီးဝေးတွေအတွက်လည်း အဆင်ပြေပြေ စီးနင်းနိုင်မှာပါ။ နောက်ထိုင်ခုံတန်းကို SUV ကားတွေ ထုံးစံအတိုင်း ၆၀း၄၀ အချိုး ခေါက်သိမ်းနိုင်ပါတယ်။

Dashboard Areaက ယခင် Model တွေထက် လုံးဝသားနားသွားသလို Multi -function စနစ်ပါတဲ့ Steeringကို သားရေနဲ့ ဖုံးအုပ်ထားခြင်း၊ မီတာဒိုင်ခွက် ပုံစံအသစ်တို့ ပါဝင်ခြင်းတို့က New GS 5ရဲ့ ထူးခြားမှုတွေ ဖြစ်ပါတယ်။ နောက်ပြီး ဒီကားမှာ Passive Entry Passive Start, Dual-zone Automatic Air-Con စတာတွေလည်း ပါဝင်လာသလို ဘက်စုံသုံးနဲ့ ဖျော်ဖြေရေးအတွက်(၈) လက်မပတ်လည်ရှိတဲ့ LCD Display Screen ထည့်သွင်းထားကာ Speed Based Volume Adju-stment တို့ကို ဆောင်ရွက်ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ နောက်ဘက် ထိုင်ခုံတန်းအတွက်လည်း Air Con Vent တစ်ခုပါရှိပါသေးတယ်။ နောက်ပြီးတော့ ကားရှေ့ခန်းနဲ့ အနောက်ခန်းတို့မှာလည်း USB ပေါက်တွေထည့်သွင်းပေးထားပါတယ်။











### အင်ဂျင်နှင့်စွမ်းဆောင်ရည်

New GS 5 မှာ 235 T AT ( GE ) Grade ကို ရရှိနိုင်မှာဖြစ်ပြီး အင်ဂျင်အနေနဲ့ ( 1.5 L Turbo and DCVVT ) ( 150bhp) နဲ့(6-Speed Auto gear) တို့ကို တွဲဖက်တပ်ဆင်ထားပြီး အင်ဂျင်ရဲ့ Emission Standard က EuroV ဖြစ်ပါတယ်။ ယာဉ်ကို တည်ငြိမ်စေဖို့ အထူးစီမံဖန်တီးထားပြီး Suspension အနေဖြင့် Mc Pherson Independent Suspensionကို ကားရှေ့ဖက်၊ Multi-Link Beam Indep-endent Suspension ကို ကားအနောက်ဖက်တွေမှာ အသီးသီးတပ်ဆင်ထားတဲ့ အပြင်ယာဉ်ကိုပေါ့ပါးစွာ ထိန်းချုပ်နိုင်တဲ့ Electronic Power Steering စနစ်ကိုလည်းထည့်သွင်းပေးထားပါတယ်။

### လုံခြုံရေးစနစ်

လုံခြုံစိတ်ချရမှုကို အထူးအလေးထားတဲ့ GAC အနေနဲ့ New GS 5 ကို Safety ဖြစ်စေမယ့် High Strength Steel Body Structure နဲ့ ဖန်တီးတည်ဆောက်ထားလို့ ကြာရှည်ခံနိုင်ခြင်း၊ မာကျောမှုရှိခြင်းတို့ အပြင်ကျစ်လစ်ပြီး ပေါ့ပါးတဲ့ Feeling တို့ကို ရရှိစေနိုင်မှာပါ။ နောက်ပြီး အခြား Safety စနစ်များအနေဖြင့် - Airbag ( 4 ) လုံး ၊ Electronic Stability Program-ESP ဟိုက်ဒရောလစ် စနစ်သုံး ဘရိတ်ထောက်ပံ့မှု-HBA၊ Hill Start Hold Control- HHC ၊ကားပတ်လည် Parking Sensor များ၊ TPMS၊ Surround View Corner Sys-tem၊ Engine Start/stop System၊ ISO Fix တို့ကို စုံလင်စွာ ထည့်သွင်းပေးထားပါတယ်။

### သုံးသပ်ချက်နှင့်ဈေးနှုန်း

New GAC GS 5 SUV မှာ မြို့တွင်း၊ နယ်ဝေး စိတ်ကြိုက် ခရီးထွက်နိုင်ခြင်း၊ အနု၊ အကြမ်း စွယ်စုံအသုံးပြုနိုင်တဲ့ ထူးခြားချက်တွေ ပါရှိပြီး Sporty ဆန်ဆန်လှပတဲ့ Design တို့ကြောင့် GAC ချစ်သူတွေ ဆန္ဒနဲ့ ထပ်တူကျစေမယ့် Model လို့ ဆိုရမှာဖြစ်ပါတယ်။

New GAC GS 5 SUV ကို GAC Motor Myanmar မှ တင်သွင်းရောင်းချနေပြီး ဈေးနှုန်းမှာ–(USD-43,888) သတ်မှတ်ထားပါတယ်။ ဝန်ဆောင်မှုအနေနဲ့ ကတော့ (၅)နှစ် သို့ ကီလိုမီတာ (တစ်သိန်းငါးသောင်း) သတ်မှတ်ထားပါတယ်။

Specification…

Engine – 1.5 L Turbo (petrol)

Transmissions – 6 Speed A/T

Maximum Power (HP/rpm) – 150 bhp/5000 rpm

Maximum Torque (Nm/rpm) – 235 Nm/1450-4250

Fuel Consumption(Combined) -7.5L/100km


Emission Standard –Euro V



# တော၈ HATCHBACK



ဒီတစ်လ Milky Way Automotive ပရိသတ်ကြီးအတွက် ‘ဝယ်သူ့လမ်းညွှန်’ ကဏ္ဍမှာ မိတ်ဆက်ပေးချင်တာက တော့ Hatchback အကြောင်းပဲ ဖြစ်ပါတယ်။ Hatchback ဆိုတာ ‘တံခါး (၅) ပေါက်ပါကား’ လို့ အဓိပ္ပာယ်ဖွင့်ဆို နိုင်ပြီး ဒီကားတိုင်းရဲ့ နောက်ဘက်ဖုံးကို အဖွင့်အပိတ် လုပ်နိုင်သလို passenger ထိုင်ခုံနဲ့ cargo areas တွေကို လိုသလို Share လုပ်နိုင်တဲ့ ကားမျိုး ဖြစ်ပါတယ်။ ဒါ့အပြင် Hatchback တွေဟာ Segment တွေအရ Small car အုပ်စုထဲမှာ ပါဝင်ကြပြီး သူတို့ရဲ့ တံခါး (၅)ပေါက် ပါဝင်တာက အချို့သော Station Wagon , sports cars, SUVs နဲ့ Large Luxury Cars တွေနဲ့ ဆင်တူပါတယ်။ Hatchback ကားအများစုပုံစံက two-box design body style ဖြစ်ပြီး cargo area နဲ့ passenger areas က တစ်ဆက်တည်း ဖြစ်ပါတယ်။ နောက်ခုံတွေကိုတော့ ပစ္စည်း တင်ဖို့ လိုအပ်လာချိန်တွေမှာ ခေါက်သိမ်းလို့ ရနိုင်ပါတယ်။ ဥရောပမှာတော့ superminis နဲ့ compact cars တွေ အဖြစ် Hatchback တွေကို အဆင့်မြှင့်တင်လာခဲ့ကြပါတယ်။ ဂျပန်ဈေးကွက်မှာတော့ ရှေ့ဘီးယက်ကားတွေ ခေတ် စားလာခဲ့ပြီး အရမ်းသေးငယ်လွန်းတဲ့ Hatchback [Kei cars (“city cars”)] တွေပါ ဖန်တီးထုတ်လုပ်လာကြပါတယ်။



## Hatchback များရဲ့ကောင်းကွက်၊ဆိုးကွက်

Hatchback ကားအများစုက သေး တယ်။ အင်ဂျင်မကြီးဘူး။ အများစုက 1.5L အောက်ပဲရှိတယ်။ ဒီတော့ ဆီစား သက်သာတယ်။ မြို့တွင်းလမ်းတွေမှာ ဝင် ရ၊ ထွက်ရ၊ ပါကင်ထိုးရ လွယ်တယ်။ မိန်း ကလေးတွေပါ နိုင်နိုင်နင်းနင်း ကိုင်တွယ် မောင်းနှင်နိုင်လောက်အောင် သေးတယ်။ ကားကျပ်တဲ့ မြို့တွင်း လမ်းတွေအတွက် အထူး ဖန်တီးထားတဲ့ ကားတွေဖြစ်ပြီး ကားတန်ဖိုးကလည်း Budget ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကားလေးတွေက စွမ်းဆောင်ရည် ပိုင်း၊ Safety ပိုင်းနဲ့ ကားအကျယ်အဝန်း ပိုင်းတွေမှာတော့ အားနည်းချက်တွေရှိလာ နိုင်သလို ဟိုင်းဝေးတွေ သွားဖို့လည်း မ သင့်တော်ပါဘူး။ ကားဖန်တီးသူတွေက လမ်း အခြေအနေ၊ ရာသီဥတု စတာတွေနဲ့ ကိုက်ညီမယ့် Car Type တွေကို ဖန်တီး ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီတော့ Hatchback တွေက ၁၀၀ ရာခိုင်နှုန်း မြို့ တွင်းစီး ကားတွေလို့ ဆိုရမှာဖြစ်ပါတယ်။




## Suzuki Swift

ပြီးခဲ့တဲ့ နှစ်ကမှ အသစ်အနေနဲ့ မိတ်ဆက်ခဲ့ပေမယ့် Suzuki Swiftရဲ့ ရောင်းအားက ကြောက်ခမန်းလိလိ မြင့်တက်ခဲ့ပြီး လက်ရှိပြည်တွင်းမှာ Assembly လုပ်တဲ့ Brand တွေထဲမှာ အရောင်းရဆုံးနဲ့ ဈေးကလည်း အသက်သာဆုံးလို့ ဆိုနိုင်ပါတယ်။ဂရိတ်၂မျိုးရှိပြီး GL ရိုးရိုးဂရိတ်မှာတော့ Manual Air-con, 15 inches alloy wheels, သော့စနစ်တွေနဲ့ သွားမှာဖြစ်လို့ Used ကားတွေလောက်ပဲ ရှိပါတယ်။ GLX ဂရိတ်အမြင့်မှာသာ Automatic air-con system, push-start, keyless entry, 3.5 inches LCD,Cruise control,16 inches alloy wheel တွေပါမှာဖြစ်လို့ သိန်း ၃၀ လောက် ထပ်သုံးရပါလိမ့်မယ်။ သူက အဆင့်မြင့်ပစ္စည်းတွေမပါပေမယ့်လည်း မြို့တွင်းစီး Budget ကား တစ်စီး အဖြစ်တော့ အဆင်ပြေပါလိမ့်မယ်။

Starting Price: 19,900,000 Kyats
Seating - 5
Engine - 1.2 L
Fuel - Gasoline
Transmissions - 4-Speed A/T
Max.output – 81 hp
Dimension – 3840 mm L x 1735mm W x 1495 mm H

သုံးသပ်ချက်– ရန်ကုန်လိုင်စင် အလိုအလျောက် ရတာကလည်း အားသာချက်ဖြစ်သွားတယ်။ ဒါပေမဲ့ အကြမ်းခံမှုနဲ့ ရေရှည်အတွက်တော့ သိပ်ပြီးအာမမခံရဲဘူး။ ငွေကို အနည်းဆုံးသုံးဖို့ အတွက်ရည်ရွယ်ထားရင်တော့ Swift ကိုစပြီး စဉ်းစားရပါလိမ့်မယ်။

## Peugeot 308




Hatchback တစ်စီးနဲ့ မမျှအောင်ကို Safety တွေ၊ Performance တွေပါဝင်တဲ့ 308 က Peugeot ရဲ့ ဒီဇိုင်းပုံစံ Theme အတိုင်း ပုံဖော်ထားပြီ; Full LED Technology ရှေ့မီးကြီးတွေ၊ နောက်ပြီး အလိုအလျောက် မီးအတင်အချစနစ် ပါဝင်သလို Auto Wiper စနစ်၊ Peugeot Signature ပုံစံဖြစ်တဲ့ ခြင်္သေ့ လက်သည်းခြစ်ရာပုံစံမျိုး ဖန်တီးထားတဲ့ LED နောက်မီးတွေ၊ Dual Ventilation System အဲကွန်းတွေအပြင် Air Bag (၆) လုံးတောင် သုံးစွဲထားတာကို ကြည့်ရင် 308 က ဥရောပကားပီပီSafety ကို ဦးစားပေးထားတယ်ဆိုတာလည်း ပေါ်လွင်စေပါတယ်။ ဆင်ဆာ ၈ လုံးပါဝင်ပြီး ABS,EBD,EBAနဲ့ ESP တို့လိုအရေးပေါ်ဘရိတ်အုပ်ပေးတဲ့ စနစ်တွေလည်းပါဝင်ပါသေးတယ်။ Traction Control System လို လမ်းမချော်စေဖို့ ထိန်းချုပ်ပေးတဲ့စနစ်တွေ ပါဝင်ပါတယ်။ တော်တော်လေးပြီးပြည့်စုံတဲ့ကားလေးပါ။

| | |
|---|---|
| Price: USD 58,700 | |
| Seating - 5 | |
| Engine - 1.6 L | |
| Fuel – Gasoline | |
| Transmissions - 6 Speed A/T | |
| Max.output – 160 HP | |
| Dimension – 4300 mm L x 1800mm W x 1,460 mm H | |

သုံးသပ်ချက်– 308 ကတော်တော်လေးကို မိုက်တယ်။ Hatchback တစ်စီးထက် Compact Sedan လောက်ကိုဖြစ်နေတယ်။ ဟိုင်းဝေးအတွက်ပါ စဉ်းစားထားပုံရပါတယ်။ ဒါပေမဲ့ ဈေးကြီးတယ်။ ဒီဈေးလောက်ဆို အတော်အတန်ဆလွန်းကားတစ်စီးတောင် ဝယ်လို့ရနိုင်ပါတယ်။

## KIA Picanto



City ကားတစ်စီးအဖြစ်ဖန်တီးထားတဲ့ KIA Picanto မှာ Leather Seat၊ Sunroof Digital Aircon၊ FM/CD ပြောင်းဖို့ Mode၊ အသံအတိုးအကျယ် Channel ပြောင်းဖို့ ခလုတ်တွေအပြင် Bluetooth Hand Free System ပါတဲ့ Steering Control တွေ ထည့်သွင်းပေးထားပါတယ်။ Picanto က 1200 cc နဲ့ လာလို့ ၁ ဂါလံကို ၃၅ မိုင်နှုန်း သွားလို့ရတော့ ဆီစားချိုသာမှာ အသေအချာပါ။ Original Alloy, လေအိတ် (၆) လုံး၊ Electric Stability Control System လို စနစ်တွေကြောင့် Safety လည်း လျစ်လျူရှု မထားဘူးလို့ ဆိုရမှာပါ။ ကားပုံစံက City Car ဖြစ်လို့ အတွင်းခန်းက ကျဉ်းတယ်လို့ထင်ရပေမယ့် ပါဝင်ပစ္စည်းတွေ၊ နည်းပညာတွေကြောင့် မိသားစု နည်းသူတွေအတွက် အဆင်ပြေစေမှာပါ။ SKD ဆိုတော့ ရန်ကုန်လိုင်စင်ရမှာဖြစ်ပါတယ်။

| | |
|---|---|
| Price: USD 21,500 | Transmissions - 4 Speed A/T |
| Seating - 5 | Max.output – 85 HP |
| Engine - 1.2 L DOHC | Dimension – 3595 mm L x 1595 mm W x 1,485 mm H |
| Fuel – Gasoline | |

သုံးသပ်ချက်– Picanto က Mini ဆိုက်လောက်ပဲ ရှိတော့ မြို့တွင်း အသွားအလာ လောက်အတွက်တော့ အံကိုက်ပါပဲ။ဒါပေမဲ့ အတွင်းခန်းက ကျဉ်းတယ်။ ဒီတော့ နောက်ခန်း ၃ ယောက်ချောင်ချောင်ချိချိဖြစ်ဖို့ မလွယ်ဘူး။



MILKY WAY AUTOMOTIVE MAGAZINE

## Mitsubishi Mirage



မြို့တွင်းမှာ အသုံးပြုဖို့အတွက် ကျစ်လျစ်မှု ပုံစံကို ဒီဇိုင်းဖော်ပေးထားပါတယ်။ Push Start စနစ်၊ ၁၅ လက်မ အလွိုင်းဝှီး၊ လေအိတ် ၂ လုံးနဲ့ ABS စနစ်တွေပါပါတယ်။ ဒါ့အပြင် အလိုအလျောက် အလုပ်လုပ်ပေးတဲ့ Air Conditioning စနစ်ပါဝင်လာတယ်။ ဒီကားမှာ စမတ်ဖုန်းကို Bluetooth ကနေ တစ်ဆင့် ချိတ်ဆက်ပြီး စတီယာရင်ပေါ်မှာရှိတဲ့ ခလုတ်တွေကိုသုံးကာ ဖုန်းခေါ်ဆို ဖြေကြားတာမျိုးတွေလုပ်နိုင်အောင်လည်း စီမံပေးထားတယ်။ ကားကသေးတော့ မြို့တွင်းလမ်းတွေအတွက်တော်တော်လေး အဆင်ပြေ စေပါလိမ့်မယ်။ Back Cam တို့၊ အော်တိုမှန်ချိုး မှန်ခေါက်တွေတော့ မပါပါဘူး။ ကျန်တာတွေကတော့ မြို့တွင်းစီး ကားတစ်စီးအတွက် ပါသင့်ပါထိုက်တာတွေ အားလုံးပါဝင်ပါတယ်။

| | |
|---|---|
| Price: USD 19,500 | Transmissions - 6-Speed A/T |
| Seating - 5 | Max.output – 76 hp |
| Engine - 1.2 L DOHC MIVEC | Dimension – 3785 mm L x 1676.4 mm W x 1499 mm H |
| Fuel – Gasoline | |

သုံးသပ်ချက်– Mitsubishi ကားတွေက အင်ဂျင်နဲ့ အကြမ်းခံမှုမှာ အာမခံချက်အပြည့်ရှိတယ်။ ဒါပေမဲ့ ပါဝင်ပစ္စည်းပိုင်းနဲ့ Quality ပိုင်းတော့ အားနည်းချင်တယ်။ သူ့ဈေးတန်းကတော့ သင့်တင့်တယ်လို့ ဆိုနိုင်ပါတယ်။

## KIA Rio



Picanto ထက် ပိုကြီးလာပြီး Hatchback ပုံမှန်အမျိုးအစားမျိုး ထုတ်ထားတဲ့ Rioက ရုပ်ထွက်ပိုင်းမှာ အရင်မော်ဒယ်ဟောင်းတွေထက်ပိုပြီး လှပကာ Sportဆန်သွားတယ်။ သူ့မှာက သာမန် ဆလွန်းကားတစ်စီးလောက် ကျယ်ဝန်းတဲ့ အတွင်းခန်း၊ ပစ္စည်းထည့်စရာ နေရာတွေအပြင် Small Car တွေမှာ မြင်တွေ့နေကျမဟုတ်တဲ့ Android Auto, Apple Car play,2 Tone Leather Seat, 7 Inches Back Camera မျဉ်းကွေး၊ Sunroof တို့ပါဝင်ပါတယ်။ 1.4 L Engine ကို 4 Speed Auto နဲ့လာတော့ ဆီစားသက်သာတာက Picanto လောက်နီးပါးပါပဲ။ လေအိတ် ၆ လုံးအပါအဝင် ABS ၊ Electric Stability Control System တွေပါလို့ Rio က ဟိုင်းဝေး ခရီးတွေအတွက်ပါ အဆင်ပြေစေဖို့ ရည်ရွယ်ထားပုံရပါတယ်။ သူလည်းပဲ SKD စနစ်ဆိုတော့ ရန်ကုန်လိုင်စင်ရရှိမှာပါ။

| | |
|---|---|
| Price: USD 25,500 | Transmissions - 4 Speed A/T |
| Seating - 5 | Max.output – 109 HP |
| Engine - 1.4 L | Dimension – 4064 mm L x 1727 mm W x 1,448 mm H |
| Fuel – Gasoline | |

သုံးသပ်ချက်– ပစ္စည်းစုံတယ်။ ရုပ်ထွက်လန်းတယ်။ ဒါပေမဲ့ သူ့ဈေးတန်းကလည်း Budget ဆီဒင်တွေလောက် ဈေးရှိနေတော့ ဝယ်သူတွေအနည်းငယ်စဉ်းစားရမယ့်ပုံပေါက်နေပါတယ်။ ရန်ကုန်လိုင်စင်ရမှာကတော့ အားသာချက်ပါ။

MILKY WAY AUTOMOTIVE MAGAZINE

## Volvo V40 T3



နည်းပညာသစ်တွေနဲ့ အရင် **Volvo** မော်ဒယ်ဟောင်း ကားတွေရဲ့ အငွေ့အသက်တွေ ရောပြွန်းထားတဲ့ ဒီကားကလည်း တန်ဖိုးကြီး **Hatchback** စာရင်းထဲပါ ပါတယ်။ ဒါပေမဲ့ **Volvo** ရဲ့အရှိန်အဝါကြောင့် **Motor Driver Seat,** ၈လက်မ **TFT** မော်နီတာ၊ **Engine Start/Stop, Keyless Entry,** ကြည်လင်ပြတ်သားစွာ မြင်တွေ့ရမယ့် ဘောင်ပျောက် နောက်ကြည့်မှန်၊ လေကို သန့်စင်ပေးနိုင်တဲ့ စနစ် **Clean Zone** ပါဝင်တဲ့အဲကွန်း၊ **High Performance Sound System** တို့လည်း ပါဝင်သလို **Safety** အနေနဲ့လည်း **Side Impact Protection System, City Safety Generation 2, Blind Spot Info System, Cross Traffic Alert, Forward Collision Warning Generation 3,Rear Parking Camera, Rain sensor Generation 2 , Hill Start Assist, Lane Keeping Aid** နဲ့ လေအိတ် ၉ လုံး ပါဝင်ပါတယ်။ ဒါက ရိုးရာမပျက်တဲ့**Volvo** ရဲ့ အားထုတ်မှု ဖြစ်ပါတယ်။

| | |
|---|---|
| Price: USD 53,000 | Transmissions - 6 Speed A/T |
| Seating - 5 | Max.output – 152 HP |
| Engine - 1.5 L | Dimension – 4370 mm L x 1857 mm W x 1458 mm H |
| Fuel – Gasoline | |

သုံးသပ်ချက်– **Volvo** အမှတ်တံဆိပ်ကားတစ်စီးကို ပိုင်ဆိုင်နိုင်ဖို့အတွက်ဒီလောက်တော့ ငွေသုံးရပါလိမ့်မယ်။ ဒါပေမဲ့ လက်ရှိပြည်တွင်းမှာရှိတဲ့ **Mid size sedan** တွေ၊ **SUV** တွေလောက်ဈေးရှိနေတော့ ဝယ်သူဘက်က စဉ်းစားစရာ ဖြစ်လာပါလိမ့်မယ်။









မိမိမော်တော်ယာဉ်ကို စစ်ဆေးရာမှာ အပိုင်း (၃) ပိုင်းခွဲကာ စစ်ဆေးသင့်ပါသည်။ ထိုအပိုင်းများမှာ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် စစ်ဆေးရမည့် အပိုင်းများ ဖြစ်သည်။ ထိုအပိုင်းများမှာ ...

# ယာဉ် ပုံမှန်စစ်ဆေးရမည့်အချိန်များ

ကားဆရာ





## နေ့စဉ် စစ်ဆေးခြင်း

နေ့စဉ်စစ်ဆေးခြင်းသည် အလွန် အခြေခံကျသော စစ်ဆေးခြင်းမျိုးဖြစ်ပြီး မိမိကားအား စတင်မမောင်းနှင်ခင် လျှင်မြန်စွာ စစ်ဆေးနိုင်သော စစ်ဆေးမှုမျိုး ဖြစ်ပါတယ်။ အခြေခံအားဖြင့် အမြင်ဖြင့်သာ စစ်ဆေးသည့် ပုံစံမျိုးဖြစ်ပြီး အချိန် ၅ မိနစ်ခန့်သာ အသုံးပြုရပါတယ်။

အင်ဂျင်ခန်း ဆီများ၊ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ ၊ **coolant**၊ ပါဝါစတီရင် ဆီ **level** တို့သည် ရှိသင့်သည့် အမှတ်အနေအထားအောက် ရောက်ရှိနေပါက ချက်ချင်း နောက်တစ်ဆင့် ထပ်မံအဖြေရှာဖို့ လိုလာပါပြီ။ (ယိုစိမ့်မှု ရှိနိုင်ခြင်း၊ အရည်အသွေး မကောင်းသောဆီ သုံးထားခြင်း)

### အင်ဂျင်ခန်း ပန်ကာကြိုးများ

အင်ဂျင်ခန်းအတွင်းရှိ ပန်ကာကြိုးများရှိ လိုင်းများ ကွဲခြင်း၊ ဖွာနေခြင်းနှင့် အခြားဆီယိုစိမ့်မှု ရှိ/မရှိ တို့ကို တစ်ဆက်တည်း လျင်မြန်စွာ ကြည့်ရှု စစ်ဆေးနိုင်ပါတယ်။

### ဘက်ထရီ

ဘက်ထရီနှင့် ဆက်စပ်နေသော ဝါယာကြိုးများ နှင့် ဘက်ထရီ ဆားပေါက်ခြင်းတို့အား ကြည့်ရှုရပါမယ်။

### တာယာ

တာယာအားလုံး လေလျော့မှု၊ သံစူးမှု စသည်တို့ ရှိ/ မရှိကို အမြင်ဖြင့် စစ်ဆေးနိုင်ပါတယ်။

## အပတ်စဉ် စစ်ဆေးခြင်း

အပတ်စဉ် စစ်ဆေးခြင်းသည်လည်း အချိန်တိုတိုနှင့် စစ်ဆေးခြင်း ပုံစံမျိုးဖြစ်ပြီး နေ့စဉ် စစ်ဆေးခြင်းများနှင့် ယှဉ်လျှင် တချို့အရာများသည် အသေးစိတ် စစ်ဆေးရပါတယ်။ အပတ်စဉ် စစ်ဆေးသင့်သော အရာများမှာ

### တာယာလေပေါင်စစ်ဆေးခြင်း

တာယာတစ်လုံးစီတိုင်းတွင် ရှိသော လေပေါင်များအား စစ်ဆေးခြင်းနှင့် လေယိုစိမ့်မှု ရှိ/မရှိ စစ်ဆေးခြင်း။

### ကားအတွင်းခန်း သန့်ရှင်းရေး

ကားအတွင်းခန်းရှိ အမှိုက်သရိုက်များနှင့် မလိုအပ်သော ပစ္စည်းများအား ရှင်းလင်းဖယ်ရှားခြင်းဖြင့် မိမိကားအား သန့်ရှင်းစေခြင်း၊ ဘေးကင်းစွာ မောင်းနှင်နိုင်ခြင်း။

### ကားအပြင်ပိုင်း သန့်ရှင်းရေး

မိမိကားအား အနည်းဆုံး တစ်ပတ်တစ်ခါ ဆေးကြောခြင်းဖြင့် ကားဘော်ဒီပေါ်၌ ကပ်နေသော ဖုန် ၊ ကတ္တရာ စသည်တို့ကို ဖယ်ရှားနိုင်ပြီး မိမိကားဆေးအား ကြာရှည်စွာ ထိန်းသိမ်းနိုင်ပါတယ် ။ မိမိကားအား ဆေးကြောနေစဉ် တစ်ချိန်တည်းတွင်ကားဘော်ဒီကိုလည်း စစ်ဆေးနိုင်ပါတယ်။

*(အပိုင်း (၂) ကို ရှေ့လဆက်လက်ဖော်ပြပါမည်)*







# Lane Departure Warning System

### Lane departure warning system ဆိုတာ ဘာလဲ

**Lane departure warning system** ဆိုတာဟာ ယာဉ်တစ်စီး မိမိအတွက် သတ်မှတ်ထားတဲ့ လမ်းကြောင်းကနေ သွေဖီသွားမယ်ဆိုရင် အချက်ပြ သတိပေးတဲ့ နည်းစနစ်တစ်ခုဖြစ်ပြီး အခြားလမ်းကြောကလာနေတဲ့ ယာဉ်နဲ့ မတော်တဆမှုတွေ မဖြစ်အောင် ကာကွယ်ပေးတဲ့ စနစ်တစ်ခုပါ။ ဒါပေမဲ့ မိမိကားကနေ အခြားယာဉ်လမ်းကြောင်း ပြောင်းဖို့ အချက်ပြမီးကို အသုံးပြုမယ်ဆိုရင်တော့ ဆင်ဆာက သတိပေးမှုကို ပြုလုပ်မှာတော့ မဟုတ်ပါဘူး။

ဒီစနစ်က ယာဉ်မောင်းအနေနဲ့ စိတ်ပျံ့လွင့်ခြင်း၊ ငိုက်မျဉ်းခြင်း၊ သတိမမူမိခြင်းကြောင့် အခြားယာဉ်ကြော အတွင်းရောက်ရှိသွားပြီး ယာဉ်တိုက်မှု ဖြစ်ပွားရမယ့် အခြေအနေတွေကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။


### Lane departure warning system အမျိုးအစားများ

**Lane departure warning system** နဲ့သတိပေးမှုကို (၃) မျိုး ခွဲထားပါတယ်။ နံပါတ်(၁)က **lane departure warning (LDW)** လို့ခေါ်ပြီး ဒီစနစ်က ယာဉ်တစ်စီး လမ်းကြောင်း သွေဖီသွားရင် အချက်ပြတဲ့ ပုံစံက မြင်ရအောင်၊ ကြားရအောင်၊ ဒါမှမဟုတ် ယာဉ်မောင်းကို တုန်ခါမှုတွေနဲ့ သတိပေးတဲ့ စနစ်ဖြစ်ပါတယ်။

နံပါတ်(၂) ကတော့ **lane keeping assist (LKS)** လို့ခေါ်ပြီး ယာဉ်မောင်းကို သတိပေးမှု စတင်ပြုလုပ်ပြီး တစ်စုံတစ်ရာ တုန်ပြန်မှုမရင် **Syatem** က အလိုအလျောက်ကားကို မိမိလမ်းကြောထဲ ပြန်ထည့်ပေးတဲ့ စနစ်ဖြစ်ပါတယ်။

နံပါတ် (၃) ကတော့ **(lane centering assist, LCA)** စနစ်ဖြစ်ပြီး ဒီစနစ်က **Driver** အနေနဲ့ **oversteering** မဖြစ်စေဖို့ အဓိက ထောက်ပံ့ကူညီပေးတဲ့ စနစ်ဖြစ်ပါတယ်။

ဒီစနစ်မှာ လေကာမှန်တွေ၊ နောက်မှန်တွေမှာ တပ်ဆင်ထားတဲ့ **Video sensors** တွေ၊ ယာဉ်ရှေ့မှာ တပ်ဆင်ထားတဲ့ လေဆာဆင်ဆာတွေ၊ နောက် လေကာမှန် (သို့မဟုတ်) ယာဉ်အောက်မှာ တပ်ဆင်ထားတဲ့ အနီအောက် ရောင်ခြည်ဆင်ဆာတွေကို အခြေခံထားတာ ဖြစ်ပါတယ်။






# NEW CAR PRICE LIST

| NAME | Year | Transmission | Engine Power | License | Fuel | Seater | Price |
|---|---|---|---|---|---|---|---|
| Hyundai Santafe | 2020 | 8 Speed (A/T) | 2.0 CRDi Engine | Not YGN | Diesel | 7 | USD 55,000 |
| Hyundai Tucson (SKD) | 2020 | 8 Speed (A/T) | 2.0 CRDi Engine | YGN | Diesel | 5 | 635 Lkh Ks |
| Hyundai Creta (SKD) | 2020 | 6 Speed (A/T) | 1.6 CRDi Engine | YGN | Diesel | 5 | 450 Lkh Ks |
| Hyundai Sonota | 2020 | 6 Speed (A/T) | 2.0 MPi Engine | Not YGN | Petrol | 5 | USD 42,600 |
| Hyundai Accent (SKD) | 2019 | 6 Speed (A/T) | 1.4L | YGN | Petrol | 5 | 299 Lkh Ks |
| Ford Ranger Single Cab XL | 2019 | 6 Speed (M/T) | 2.2L | YGN | Diesel | 2 | USD 24,995 |
| Ford Ranger RAP Cab XLT | 2019 | 6 Speed (M/T) | 2.2L | YGN | Diesel | 4 | USD 29,995 |
| Ford Ranger Double Cab XL | 2019 | 6 Speed (M/T) | 2.2L | YGN | Diesel | 5 | USD 32,995 |
| Ford Ranger Double Cab XLT | 2019 | 6 Speed (A/T) | 2.2L | YGN | Diesel | 5 | USD 40,995 |
| Ford Ranger Double Cab XLT | 2019 | 6 Speed (A/T) | 3.2L | YGN | Diesel | 5 | USD 43,995 |
| Ford Ranger DC Wildtark | 2019 | 6 Speed (A/T) | 3.2L | YGN | Diesel | 5 | USD 48,995 |
| Ford Ranger Raptor (CBU) | 2019 | 10 Speed (A/T) | 2.0L | YGN | Diesel | 5 | USD 67,750 |
| Ford Everest Ambiente 2WD | 2019 | 6 Speed (A/T) | 2.2L | YGN | Diesel | 7 | USD 47,995 |
| Ford Everest Trend 2WD | 2019 | 6 Speed (A/T) | 2.2L | YGN | Diesel | 7 | USD 53,995 |
| Ford Everest Trend AWD | 2019 | 6 Speed (A/T) | 3.2L | YGN | Diesel | 7 | USD 58,995 |
| Ford Everest Titanium AWD | 2019 | 6 Speed (A/T) | 3.2L | YGN | Diesel | 7 | USD 66,995 |
| Ford Kugo | 2019 | 6 Speed (A/T) | 1.5L | Not YGN | Petrol | 5 | USD 51,995 |
| Ford Transit | 2019 | 6 Speed (M/T) | 2.2L | Not YGN | Diesel | 15 | USD 42,995 |
| Ford F-150 Raptor Super Cab | 2019 | 10 Speed (A/T) | 3.5L | Not YGN | Petrol | 5 | USD 89,995 |
| Ford F-150 Crew Cab | 2019 | 10 Speed (A/T) | 3.5L | Not YGN | Petrol | 5 | USD 145,000 |
| Ford Everest Ambiente AWD | 2017 | 6 Speed (M/T) | 2.2L | YGN | Diesel | 7 | USD 39,995 |
| Ford Explorer XLT | 2018 | 6 Speed (A/T) | 2.3L | Not YGN | Diesel | 7 | USD 99,995 |
| Jaguar XE | 2019 | 8 Speed (A/T) | 2.0L | Not YGN | Petrol/Diesel | 5 | Start- USD 68,000 |
| Jaguar XF | 2020 | 8 Speed (A/T) | 2.0L | Not YGN | Petrol/Diesel | 5 | Start-USD 90,000 |



# NEW CAR PRICE LIST

| NAME | Year | Transmission | Engine Power | License | Fuel | Seater | Price |
|---|---|---|---|---|---|---|---|
| Jaguar E-Pace | 2020 | 9 Speed (A/T) | 2.0L | Not YGN | Petrol/Diesel | 5 | Start- USD73,000 |
| Jaguar F-Pace | 2020 | 8 Speed (A/T) | 2.0L | Not YGN | Petrol/Diesel | 5 | Start-USD 100,000 |
| Land Rover Discovery Sport | 2019 | 8 Speed (A/T) | 2.0L | Not YGN | Petrol/Diesel | 5 | Start- USD 85,000 |
| Land Rover Discovery | 2020 | 8 Speed (A/T) | 3.0L | Not YGN | Petrol/Diesel | 5 | Start- USD150,000 |
| New Range Rover Evoque | 2020 | 9 Speed (A/T) | 2.0L | Not YGN | Petrol/Diesel | 5 | Start- USD78,000 |
| Range Rover Velar | 2020 | 8 Speed (A/T) | 2.0L | Not YGN | Petrol/Diesel | 5 | Start-USD 115,000 |
| Range Rover Sport | 2020 | 8 Speed (A/T) | 3.0L | Not YGN | Petrol/Diesel | 5 | Start- USD 202,000 |
| Range Rover | 2020 | 8 Speed (A/T) | 3.0L | Not YGN | Petrol/Diesel | 5 | Start- USD 285,000 |
| Sunny (SL) | 2018 | 4 Speed (A/T) | 1500-cc | YGN | Petrol | 5 | 25,580,000Ks |
| Sunny (SV) | 2018 | 4 Speed (A/T) | 1500-cc | YGN | Petrol | 5 | 22,800,000Ks |
| Sunny (MT) | 2018 | 5 Speed (A/T) | 1500-cc | YGN | Petrol | 5 | 21,800,000Ks |
| Navara (DC) 4WD | 2018 | 7 Speed (A/T) | 2500-cc | Not YGN | Diesel | 5 | 415,000 USD |
| Navara (DC) 4WD | 2018 | 6 Speed (M/T) | 2500-cc | Not YGN | Diesel | 5 | 37,500 USD |
| Navara Plus (DC) 4WD | 2018 | 7 Speed (M/T) | 2500-cc | Not YGN | Diesel | 5 | 43,800 USD |
| X-Trail | 2016 | X-Tronic CVT | 2500-cc | Not YGN | Petrol | 7 | 69,500 USD |
| Urvan (Hi Roof Wide Body) | 2018 | 5 Speed (A/T) | 2500-cc | Not YGN | Diesel | 15 | 42,000 USD |
| Urvan (Hi Roof Wide Body) | 2018 | 5 Speed (M/T) | 2500-cc | Not YGN | Diesel | 15 | 38,000 USD |
| Urvan (Std Roof Wide Body) | 2018 | 5 Speed (M/T) | 2500-cc | Not YGN | Diesel | 15 | 33,000 USD |
| Altima | 2016 | X-Tronic CVT | 2500-cc | Not YGN | Petrol | 5 | 58,500 USD |
| Civilian | 2018 | 5 Speed (M/T) | 3000-cc | Not YGN | Diesel | 26 | - |
| Civilian | 2018 | 5 Speed (M/T) | 3000-cc | Not YGN | Diesel | 30 | 55,000 USD |
| Nissan Terra 2WD | 2019 | 7 Speed (A/T) | 2.5L | Not YGN | Diesel | 7 | 59,000 USD |
| Nissan Terra 4WD | 2019 | 7 Speed (A/T) | 2.5L | Not YGN | Diesel | 7 | 62,000 USD |

# CLASSIFIED

**BMW**

485, Corner of Pyay Road & Narnattaw Street, Kamayut Tsp,Yangon.
Ph: 01 230 6133

**Chevrolet**

No. 242, Upper Pazuntaung Street, Sat San, Mingalar Taung Nyunt Township, Yangon., Ph: 01 900 0621

**DFM**

68,Corner of Ayarwon Road & Pyi Htaung Su Main Road,65 Quqrter,South Dagon Tsp,Yangon.Ph: 09977421071, 09977421072

**Ford**

No. (3), Ward (12), Insein Main Road, Hlaing Township, Yangon, Myanmar. Ph: +95(0)1 521-959
No. (516/ka), Corner of Kywe Sel Kan 78th St and 12th St, Pyi Gyi Tagon Township, Mandalay.
Ph: +95(0)2-40 56014- 18

**GAC**

351 Pyay Road, Sanchaung ,Yangon, Ph: 09 964 227253

**Hyundai**

2/6, 2 Quarter, Corner of Insein Road & Thamine Station Road, Mayangone Township ,Yangon Ph: 09 42100 2051

**KIA**

No.22-B, 23-A, Kabar Aye Pagoda Road, Yankin Township, Yangon. 09 977 008888

**Nissan**

United Diamond Motor
No. 139, University Avenue Road, Kamaryut Township, Yangon. (Near Innya Traffic Light).
Phone: 09-450 222 600, 09-450 222 700
No. 4/A, Waizayandar Road, 3-Quarter, South Okkalapa Township, Yangon.
Phone: 09-257 587 778, 09-257 587 779

**Pacific Alliance Motor**

No. 90, 78th Street, Between 36th Street X 37th Street, Mahar Aung Myay Township, Mandalay.
09-777 700 361, 09-777 700 382



# CLASSIFIED

**Jaguar Land Rover**

No. 3 Insein Road, Ward 12, Hlaing Township , Yangon ,Ph: 01 966 9034

**Mercedes-Benz**

51 Pyay Road, Mayangone Township,Yangon, 01 666 712

**Mazda**

YANGON: No. 51, Pyay Road, 7 ½ Miles, Mayangone Township .Ph: 09 897 837 897 - 01 967 0286

MANDALAY: No. 10(A), The corner of 77th & 35th Street, Mahar Aung Myay Township.Ph: 09 456 1111 04 - 09 465 1111 05

**Peugeot**

No.16, Kabaraye pagoda road, Mayangone Township, Yangon . 09 969 707777

**Suzuki**

195-203, G/F Sakura Business Tower, Thittaw Road, Ahlone Township,Yangon. Ph: 09-5020663

**TOYOTA**

TOYOTA Aye and Sons
87(A), Kaba Aye Pagoda Road, Bahan Township, Shwegondine ,Yangon ,Ph:
(01) 540 740, (01) 502 206, (01) 400 950

**TOYOTA Mingalar**

No. 6, Corner of Bayintnaung & Ywarmakyaung Road, Ward (2), Hlaing Township, Yangon,Ph: 01-514940, 01-514941

**TOYOTA GW Lion**

Block [542], Upine – 10/339, Mandalay-Pyin Oo Lwin Road, Between 35th & 37th Street, Aung Pin Lae Quarter, Pathein Gyi T/S, Mandalay Division Ph: (09) 969 700 001 ~ 3




AUTOMOTIVE MEDIA
UP-TO-DATE AUTOMOTIVE NEWS

OUT OF HOME ADVERTISING
BILLBOARD ADS
TRIVISION & LED ADS
ELEVATOR & ESCALATOR ADS
WALL-MOUNTED ADS

DIGITAL SIGNAGE
DIGITAL ADVERTISING

PRODUCTION
TV COMMERCIAL SHOOTING
CARTOON ANIMATION
SCRIPT & STORYBOARD
PHOTO & VIDEO SHOOTING
FACEBOOK PROMO VIDEO
PHOTO STUDIO
NON LINER VIDEO EDITING

CREATIVE
ARTWORKS

MILKY WAY

ONE-STOP MARKETING SERVICES
BRAND ACTIVATION
PROFESSIONAL CORPORATE PROFILE CREATION
MARKET COMMUNICATION PLAN
POSM & CORPORATE GIFT
CSR PROGRAM ACTIVATION
BRANDING GUIDELINE

MEDIA
UP-TO DATE NEWS
ENTERTAINMENT
KNOWLEDGE

ENTERTAINMENT
EVENT MANAGEMENT
FACTORY GRAND OPENING CEREMONY
FUND RAISING DINNER
PRESS CONFERENCE
GALA DINNER

PUBLISHING HOUSE
OFFSET PRINTING
DIGITAL PRINTING

www.milkywayadvertising.com

Office
No.50, Thit Yar Pin Street, 23rd Ward, Thuwana VIP 1,
Thingangyun Township, Yangon, Myanmar.

H: +95 9 33 88 44 88 +95 9 32 32 32 32
O: +95 9 730 337 83 +95 9 730 337 84
+95 9 42 115 88 22

www.milkywayadvertising.com
www.milkyway-media.com
www.milkywayautomotive.com

info@milkywayadvertising.com

@milkywayadvertising @milkywaymedia